ပုံပြင်မပြောအားသော မိဘများနှင့် ပုံပြင်ဖတ်ချင်သော ကလေးငယ်များအတွက်

ဆုပြည့်စုံထွန်းစာပေ


ပုံပြင်ကဒ်


ကလေးရုပ်စုံစာစောင်















သားသားမီးမီးတို့အတွက် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်မှုယ်ရာ ရုပ်ပြစာအုပ်များ

နောက်ဘဝရှိလား...၊ငရဲဆိုတာရှိသလား...၊ဝဋ်လိုက်တယ်ဆိုတာ တကယ်လား...၊
ကောင်းတာလုပ်ရင်ဘာဖြစ်မလဲ...၊မကောင်းတာလုပ်ရင်ဘာဖြစ်သလဲ... စတဲ့ မေးခွန်းများကို
သိဖို့အတွက် ရုပ်ပြအဖြစ် စီစဉ်ထုတ်ဝေထားပါသည်။

ထုတ်ဝေပြီး စာအုပ်များ

- တန်ခိုးထက်မြက်အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ
- ရွှေပလ္လင်ပျံရရှိသူနတ်သမီးနှင့်ဝိမာနဝတ္ထုလာ ဇာတ်လမ်းများ
- စကားကြီးဆယ်မျိုး
- မာယလုလင် (သိကြားမင်းကြီး ဦးမာယ၏အကြောင်း)
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် ပတ္တမြားဒေဝီစောမဲကျီ
- ရတနာသုံးပါးဂုဏ်ကျေးဇူးနှင့် မိဖုရားစောလုံ
- လောင်စာသိမ်းချိုးမြေးသောမီးနှင့်မီးတောက်သစ္စာ
- မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းများ
- ရာဇဝင်ထဲက မောင်ပေါက်ကျိုင်း(ရှင်မွေ့နွန်း+ မင်းနန္ဒာနှင့်ပျူစောထီး ဇာတ်လမ်းများပါဝင်သည်။)
- စစ်သူကြီး အဘယ
- ပြိတ္တာတို့၏ဘဝများနှင့် နောက်ခံဇာတ်လမ်းများ
- ငရဲကြီးဇောက်ထိုးကျသူမုဆိုးနှင့် ဒုက္ခစုံစုံငရဲဘုံဇာတ်လမ်းများ
- မုသားပြောသူမင်း နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- စစ်သူကြီးမဟာဗန္ဓုလ
- ပုံပြင်ကမ္ဘာမှ တရုတ်ရိုးရာ စကားပုံ ပုံပြင်များ
- ပုံပြင်ကမ္ဘာမှ ဒဿန ပုံပြင်များ
- ၃၈ ဖြာမင်္ဂလာ
- ကောသလမင်းအိပ်မက် (၁၆)ချက်
- အရှင်မဟာမောဂ္ဂလာန်
- ဝိပါတ်တော်ဆယ့်နှစ်ပါး
- ငရဲကြီးရှစ်ထပ်
- ဆဒ္ဒန်ဆင်မင်း နှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ
- ငါးပါးပဉ္စသီ
- ရဟန္တာအရှင် ရှင်ဥပဂုတ္တ
- ပညာရှိအဘိုးအိုနှင့် ပုံပြင်ကမ္ဘာပုံပြင်များ
- မင်းကုသနှင့် ပဘာဝတီ ပါဝင်သော ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ပါးစပ်ဟတဲ့မိကျောင်းနှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- ရွှေကုန်သည်နှင့် ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းသားနှင့် ဘီလူးများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ကာမေသုမိစ္ဆာစာရကံကျူးလွန်ကြသူများနှင့်ငါးရှဉ်းဆယ်ရုပ်စုံဇာတ်လမ်းများ
- မင်းကောင်းမင်းမြတ်နှစ်ပါးနှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ငါးပါးသီလပြည့်စုံသူများ အပါအဝင် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- ဆိုးသွမ်းသော ဝိဇ္ဇာဓိရ် နှင့် ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- သင်္ဂဇာဆရာတော်ပုံပြင်များ
- ခွေးနက်စားခံရသော ဗိမာန်ရှင်နှင့် ပြိတ္တာဇာတ်လမ်းများ
- သားသတ်မုဆိုးပြိတ္တာနှင့် ပေတဝတ္ထု ဇာတ်လမ်းများ
- တစ္ဆေဘဝနှင့်သံသရာကြွေးဆပ်သူ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- တစ္ဆေတို့ရွာ အပါအဝင် ဒုက္ခစုံစုံတစ္ဆေဘုံဇာတ်လမ်းများ
- ကောသလမင်းကြီးနှင့် ဒု-သ-န-သော
- သေရွာပြန် ရုပ်ပြဇာတ်လမ်းများ
- ရဲဝံ့စွန့်စား အောင်ဆန်းသူရိယများ
- ရာဇကုမာရနှင့်ပုံပြင်ကမ္ဘာ ပုံပြင်များ
- ဒွေးမယ်နော် ပုံပြင်ကမ္ဘာ ပုံပြင်များ
- နတ်သားဖြစ်မည့် ဖားကလေးနှင့်ဝိမာနဝိတ္ထုလာဇာတ်လမ်းများ
- ပညာရှိအမတ်ကြီး ဦးပေါ်ဦး၏လျှောက်ထုံး ဟာသဇာတ်လမ်းများ
- သီလ၏အစွမ်းနှင့်ငါးရှဉ်းဆယ် ရုပ်စုံဇာတ်လမ်းများ
- တပင်ရွှေထီးနှင့်ဘုရင့်နောင်ကျော်ထင်နေ်ရထာ
- ဖခင်မေတ္တာ
- အဂုံလိမာလနှင့် ပုံပြင်ကမ္ဘာ ပုံပြင်များ
- အတုလရှင်ရသေ့ဖြတ်ထုံးများနှင့် ပုံပြင်ကမ္ဘာပုံပြင်များ
- နောင်တော်ကြီးမင်းနှင့်မင်္ဂလာပုံပြင်များ

ဆုပြည့်စုံထွန်းစာပေ
အမှတ်-၅၀၈/၅၁၂(ဒု-ခ)(ပထမထပ်)၊ ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်) သရဖီကွန်ဒို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၁၀၃၆၆၄၊ ၁၀၆၀၃၃။

ပြင်ကြည့်

ကလေးရုပ်စုံစာစောင်

_____ ၏ စာအုပ် ဖြစ်ပါသည်။

_____ က ဝယ်ပေးပါသည်။

ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂၈) ပထမထပ်၊ သရဖီကွန်ဒို
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃



အယ်ဒီတာချုပ်

ကိုမြင့်ထွန်း (Quality)

တာဝန်ခံအယ်ဒီတာ

မျိုးဇော်ထက်

အုပ်ချုပ်မှုအယ်ဒီတာ

ခင်မာရွှေ

အမှုဆောင်အယ်ဒီတာ

လင်းသက်ခိုင်

အယ်ဒီတာအဖွဲ့

ဉာက်လင်းထက်

ရုံးအဖွဲ့

ကိုစိုးသိန်း၊ ရွှင်းကိုကိုခိုင်၊ ဇင်နိုင်ထွန်း၊ ထွန်းထွန်းလွင်၊ ကျော်ဇင်ထက်၊

ဝင်းဝင်းမော်၊ သဠာဝေ၊ နှင်းသက်ဝေ၊

Cover **သရုပ်ဖော်**

မောင်ရဲသူ (ရန်ကုန်တက္ကသိုလ်)

Computer

မင်းထွဋ်၊ နေဇင်လတ်၊ မျိုးစုမာ၊ ပိုပိုဇင်၊ မီမီဇင်၊

Film - Eagle

layout - Quality

ပုံနှိပ်သူ - ဦးကျော်ယဉ်(ဇမ္ဗူမော်)

အမှတ်(၂၈၄)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စာအုပ်ချုပ် - တင်မေထွန်း

ကြော်ငြာတာဝန်ခံ

ခင်မာရွှေ

ဖြူဖြူသင်း

ဖုန်း - ၃၈၃၆၄၊ ၃၈၆၈၃၃၊ ၀၉-၅၁-၂၂၅၃၁၀။

ထုတ်ဝေသူ- ဒေါ်ခင်မာရွှေ

ဆုပြည့်စုံထွန်းစာပေ၊ (၁၇၇၁)ယာယီ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၂၀၀ ကျပ်

စာတည်းအဖွဲ့နှင့် ဖြန့်ချီရေးရုံးခန်း

အမှတ် -၅၀၈/၅၁၂ ၊(၂ခ)ပထမထပ်၊ သရဖီကွန်ဒို

(ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၆၄၊ ၃၈၆၈၃၃ (ရုံးချိန်အတွင်းသာ ဆက်သွယ်ပါရန်။)



http:/Quality.myanmaronlinesales.com

တွင် တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှု

ဝယ်ယူနိုင်ပါသည်။

အထက်မြန်မာပြည်ဖြန့်ချီရေး

နဂါးစာပေ ထွန်းဦးစာပေ

ဖုန်း -၀၂-၃၉၈၆၉ ဖုန်း -၀၂-၃၉၈၀၁

ရှမ်းပြည်နယ်ဖြန့်ချီရေး

မိလျံနာစာပေ ဂင်္ဂါနဒီစာပေ

တောင်ကြီးတွင် လပေးယူလိုသူများအတွက်

STUDENTS' CHOICE

မြို့နယ်ကျန်းမာရေးရုံးမျက်နှာချင်းဆိုင်၊ အရှေ့မြို့ပတ်လမ်း၊

ဒီဇင်ဘာဟိုတယ်၊ မြေညီထပ်၊ တောင်ကြီးမြို့။

ဖုန်း - ၀၈၁-၂၀၁၄၇၃

မော်လမြိုင်တွင် လပေးမှာယူလိုသူများအတွက်

ကျော်ကျော်စာပေ (အမှတ် ၁၁၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့)

လပေးမှာယူလိုသူများ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ပြည်ကြီး

ကလေးရုပ်စုံစာစောင်

အမှတ် (၃၇) ၊ ဇူလိုင်လ ၊ ၂၀၁၃ ခုနှစ်။

အာဇာနည်နေ့	❁	အရုပ်ဖော်မောင်ရဲသူ (ရန်ကုန်တက္ကသိုလ်)	၅
လူမိုက်သားစားလိုသောခွေးနက်ကြီး	❁	ပန်းချီဝဏ္ဏအောင်	၁၅
ဇာတ်သိမ်းမလှတဲ့သူ	❁	နန္ဒာမိုးကြယ်	၂၅
မောင်ဉာဏ်ထိုင်းနှင့်ထူးခြားသောမန္တာန်	❁	ထူးမမ (ပေါင်)	၂၉
လောဘကျောက်ပြင်	❁	လင်းသက်ဦင်	၃၂
ဆန်စေ့လေးတစ်စေ့	❁	ခင်ဖြူဖြူလင်း (YUFL)	၃၇
တရုတ်ရိုးရာစကားပုံပုံပြင်များ	❁	ကာတွန်းချစ်သူ	၄၁
ဆေးတစ်လက်နှင့်ဆရာထူး	❁	ကာတွန်းကြည်နူး	၅၁
ချောချောနှင့်ကိုရုပ်ဆိုး	❁	နိုင်ငံတကာကာတွန်း	၅၇
လင်းရောင်မယ်	❁	ကာတွန်းပေါ်ကာ	၆၉
စောင်းတော်ရှင်	❁	ခွန်းချိုသံသာ	၈၂
သာမာဝတီမိဖုရားနှင့်ခုဇ္ဇုတ္တရာ	❁	ပန်းချီရဲမြင့်	၉၀
လူတော်လူကောင်း	❁	ကာတွန်းသန်းကြွယ်	၉၈

အယ်ဒီတာ့စကား

ကလေးတို့ရေ

အခုလာမယ့်ဇူလိုင်လ ၁၉ ရက်နေ့ဟာ ၆၆ နှစ်မြောက် အာဇာနည်နေ့ ဖြစ်ပါတယ်။ အဲဒီနေ့ဟာ တို့တိုင်းပြည်မှာရှားရှားပါးပါးပေါ်ခဲ့ဖူးတဲ့ခေါင်းဆောင်ကောင်းတွေတစ်စုတစ်ဝေးနဲ့သတ်ဖြတ်လုပ်ကြံခံခဲ့ရတဲ့ နေ့ဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း သေဆုံးခဲ့ရတဲ့အတွက် အဲဒီအချိန်မှာ ရှိနေခဲ့ကြတဲ့ မြန်မာပြည်သူပြည်သားတွေရော နိုင်ငံရပ်ခြားကသူတွေပါ နမြောတသ ဝမ်းနည်းကြရတယ်။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံခဲ့ရတဲ့ အပေါ် အိန္ဒိယဝန်ကြီးချုပ်နေရူးက ဒီလိုဆိုခဲ့ပါတယ် 'အောင်ဆန်းသေဆုံးခဲ့ရတာဟာ မြန်မာပြည်ရဲ့ဆုံးရှုံးမှုသာမဟုတ်ပါ။ အာရှတိုက်တစ်ခုလုံးရဲ့ဆုံးရှုံးမှုဖြစ်ပါတယ်'။

ဗိုလ်ချုပ်အောင်ဆန်းကို မသိမီလိုက်ကြတဲ့သူတွေဟာလည်း ဗိုလ်ချုပ်အကြောင်းစာအုပ်တွေကနေ သိရှိပြီးလေးစားတန်ဖိုးထားခဲ့ကြတယ်။ ဒီလို အားလုံးက တန်ဖိုးထားလေးစားကြတာဟာ ဗိုလ်ချုပ်အောင်ဆန်းက နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုမှာ သူ့ကိုယ်ကျိုးမဖက်ဘဲတိုင်းပြည်အကျိုးကိုသာရှေ့တန်းတင်လုပ်ဆောင်ခဲ့လို့ ဖြစ်ပါတယ်။

နှစ်ပေါင်း ခြောက်ဆယ်ကျော်တဲ့တိုင်အောင် အားလုံးကနမြောတသကြရတဲ့ ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကိုကလေးတို့စာကောင်းကောင်းဖတ်နိုင်လာတဲ့အခါစာအုပ်တွေမှာရှာဖွေဖတ်ရှုကြဖို့တိုက်တွန်းပါတယ်ကွယ်။

လေးစားစွာဖြင့်

အယ်ဒီတာအဖွဲ့


အာဇာနည်ပြန်နေ့
ဆေးရိုးသို့
ရန်ကုန် တက္ကသိုလ်
အာဇာနည် ဆိုတာ အကြောင်း
အကျိုး၊ အကောင်း အဆိုး၊ အမှား အမှန်
ဝေဖန်ပိုင်းခြားနိုင်ပြီး ပြည်သူ့အတွက်
အမှန်တရားဘက်မှရပ်တည်ကာရုံ့
စွန့်စားလှုပ်ဆောင်ပေးသူကိုခေါ်တာပါ
သာမန်လူတို့မလုပ်နိုင်တဲ့
အမှုကိစ္စတို့ကို ကိုယ်ကျိုး
စွန့်အနစ်နာခံကာလုပ်
ဆောင်ပေးနိုင်သူဖြစ်တယ်


မြန်မာနိုင်ငံဟာ အင်္ဂလိပ်နယ်ချဲ့လက်အောက်ကို ကျွန်ဘဝအပြစ်ရောက်ခဲ့ရပုံးတယ်..ဒါပေမဲ့ မြန်မာလူမျိုးတွေဟာရဲရဲလက်နက်စွဲကိုင်ပြီးတော်လှန်ပုန်ကန်ခဲ့ကြတယ်
ခေတ်ဦးပိုင်း တော်လှန်ရေးတွေမှာပြည်သူတစ်ရပ်လုံးစည်းလုံးမှု မရှိတာရယ် အပေါ်အောက်ခေတ်နောက်ကျတာရယ်ကြောင့် အောင်မြင်မှုမရရှိခဲ့ကြဘူးပေါ့..
ဘုရင် ခုနှစ် နိုတိုယ ကျောင်းသားသပိတ်ကဖွေးဖွားခဲ့တဲ့သင်္ဃအဖွဲ့အစည်းလက်ထက်မှာတော်လှန်ရေးအစစအဖွဲ့ကဦးမောလာခဲ့တယ်


အတွေးအခေါ်ကလည်း
ပြင်းမားလာခဲ့ပြီး အင်္ဂလိပ်တို့
ဆီက မရ ရတဲ့နယ်မြေနဲ့
လွတ်လပ်ရေးကို အရှယ်ဖို့
ဆုံးဖြတ်ချက်ချနိုင်ခဲ့ကြတယ်
ဒါနဲ့ သခင်အောင်ဆန်းနဲ့
မျိုးချစ်လူငယ်တွေဟာ
နယ်ချဲ့အင်္ဂလိပ်တို့ကို
ဗျာပန်အကူအညီနဲ့ မြေးစား
တိုက်ခိုက်ခဲ့တယ်။
နယ်ချဲ့ အင်္ဂလိပ်တို့
ဆုတ်ခွာပြီး ပက်ဆစ်
ဗျာပန်တို့လက်အောက်
ရောက်နေစဉ်မှာလည်း
မြန်မာပြည်ပဘာစစ်ဒေသကိုလို
အလွန်အလေးကြရပြန်တယ်


ဒါကြောင့် ဘုဉ်ဥစ္စာ မတ်လ ၂၇
ရက်နေ့မှာတော့
ဗိုလ်သုံးပြေးအောင်ဆန်းဦးဆောင်
ဖက်ဆစ်တွေကိုလုနဲရေးကြီးကို
ဆင်နွှဲခဲ့တော့တာပေါ့..
ဖက်ဆစ်ကျပန်များ ဆုတ်ခွာပြီး
နယ်ချဲ့ကြတိုသူတို့ ပြုန်ဝင်
လာပေမယ့် ဗိုလ်သုံးပြေးအောင်ဆန်း
ခေါင်းဆောင်တဲ့ဖဆပလအဖွဲ့က
မြန်မာ့လွတ်လပ်ရေးကို
မရမဖြေနေတောင်းဆိုတော့တယ်
တိုင်းရင်းသား စွယ်းလုံး
သီးသွတ်ရေးကိုမရမဖြေနေ
တယ်ဆောက်ခဲ့လို့ပြည်သူ
လူထုကလည်း ဗိုလ်သုံးပြေး
ဦးဆောင်တဲ့အဖွဲ့ကိုမှာ
တစ်ဆိုးကြီးထောက်ခံကြတယ်


ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့
ပဆပလ အဖွဲ့ချုပ်ကိုလှုပ်ရှား
တစ်ခဲနက် တောက်ခဲ့ရန်မှုအပေါ်
မနာလိုမရှုဆိတ်သူတို့ကရှိတယ်
ထိုသူတို့အနက် ဂျနရယ်ဦးစောက
အဆိုးဆုံး ဖြစ်တယ်။။
ဦးစော ဟာကိုယ်မင်းသား
မလုပ်ရုရင် ပတ်ပက်ကြီးကို
ထိုးဖောက်မယ် ဆိုတဲ့
စိတ်ယုတ်မာရိုးသူဖြစ်တယ်
ဦးစောက နိုင်ငံခြားသား
အချို့နဲ့တိုတ်တဆိတ်
သူးပေါင်းပြီးဝေါင်းဆောင်ကြီး
တွေကိုလှုပ်ကြွဖို့ လှုံ့ဆော်
ကြံစည်ခဲ့တယ်။။


ဘုရား ခွ၊ ငုလိုင်လ ဘူ ရက်
မှီးလင်းကတည်းကကောင်းကင်ဟာ
မည်းမှောင်းညို့မှိုင်းလျက်...တိမ်တိုက်
ဆိုလို့ဘာမှကြည့်ကြည့်လင်လင်
မမြင်ရ မှီးဟာစိသည်လို့မရှိဘဲ
ဖွဖွဂွာလိုက် ပြိုင်ပြိုင်ရွာလိုက်နှင်
တို့အချိန် အတွင်းဝန်ရုံးမှာ
ဗိုလ်ချုပ်ဧအောင်ဆန်းနဲ့
ဝန်ကြီးတွေ လွတ်လပ်ရေး
အတွက် အရေးကြီးတဲ့
အစည်းအဝေး ကျင်းပ
နေကြတယ်..
အစည်းအဝေး ကျင်းပ
နေတုန်း လူသတ်သမားတို့
ရုတ်တရက်ရောက်လာပြီး
ဗိုင်းသောင်ကြီးတွေကို
ရုက်ရုက်ခက်ခက်လုပ်ကြံ
သတ်ဖြတ်လေတော့တယ်



လူယုတ်မာ သစ္စာဖောက်တို့ရဲ့
လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်နှင့်
တကွ သခင်မြ၊ မန်းဟာဒိုင်-
အောင်းပွန်စော်ဘွား၊ စပါစံထွန်း၊
အေးဒတ်ဦးဟချို၊ ဦးဗာဂရတ်၊
ဦးဟဝင်းတို့ ကျဆုံးခဲ့ရတယ်
ခေါင်းဆောင်ကြီးတွေနဲ့အတူ
အတွင်းဝန်ဦးအုန်းမောင်နဲ့
ဦးဂဂဂရတ်ရဲ့အပါးတော်မြဲ
ကိုဝေးတို့လည်းလူယုတ်မာတို့
လက်ချက်နဲ့ကျဆုံးခဲ့ရတယ်။


ဂဠုန်ကြီးစော ကဲ့သို့ လူယုတ်မာ
သစ္စာဖောက်များပဲဟာ အမှား
အမြဲနဝေပနဲ့ မိုင်းခြားခြင်း မရှိ
ကြွယုများပင်... ယုတ်လို့လူမျိုး
များက နိုင်ငံတော်အတွက်ရန်စွဲ
ရန်ရှောင်များပင် ဖြစ်ကြတယ်..
လူယုတ်မာတို့လက်ချက်နဲ့
အာဏာနှုတ်ယောကျ်ားကောင်းတို့
အသက်စွန့်ရတာရာဇဝင်ရှိခဲ့ပေါ့!
သစ္စာဖောက်လောက်ကောင်
ဂဠုန်ကြီးစောနဲ့အပေါင်းပါ
တို့ရဲ့ဇာတ်သိမ်းကမလှခဲ့..
တကျွန်ုပဒေါ်ရွှေမြောက်မှာ
ယေဒကိုချမှတ်ခဲ့ရတယ်..



မြန်မာ တစ်မျိုးသားလုံးတို့ရဲ့
ချစ်ခင် ယုံကြည်မှုကို ခံရတဲ့
ဗိုလ်ချုပ်အောင်ဆန်းနဲ့
ဒေါင်းဆောင်ကြီးတွေဟာ
လွတ်လပ်ရေးအတွက် ကြိုးပမ်း
ဆောင်ရွက်ခဲ့နေတုန်းမှာပြန်မဟုတ်ပြဲသို့
အတွက်အသက်ပေးလိုက်ကြတယ်
ပြော်...တောင်နှုန်း ပြောက်နှုန်း
အဆောင်ကြွေငွေနှုန်းနဲ့
အခေါ်ခံ မပြုန်းရဲခင် အောင်ပန်းညို့ရှာတဲ့
အောင်ဆန်းတို့ သေပုံနှစ်မြော်...
လွမ်းသူ
ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ
ဒေါင်းဆောင်ကြီးတွေကျဆုံး
ခဲ့ရတဲ့ဥက္ကိုင်လ (၁၉) ရက်နေ့ကို
အာဇာနည်နေ့အဖြစ်
ဥက်ကြိုး သတ်မှတ်ခဲ့ကြတယ်



ဗိုလ်ချုပ်ဧအောင်ဆန်းနဲ့ အာဇာနည်
ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့ကြတာ
အခု ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၉ရက်နေ့
ဆိုရင် (၆၆) နှစ်ကို ရောက်ခဲ့ပြီ..
တိုင်းပြုပြည်သားတို့ ရင်ထဲမှာ
သည်နေ့ သည်ရက်ကို ရောက်တိုင်း အာဇာနည်
ခေါင်းဆောင်ကြီးတွေအတွက် ဝမ်းနည်းလို့
မဆုံး ခံစားကြရတယ်..
ဒီလောမဲ့ ဝမ်းနည်းဖွယ်ရာနဲ့ မပြီးဘဲ
ခေါင်းဆောင်ကြီးတွေက အယက်၊
လွှဲ၊ ချွေး တို့နဲ့ ရင်းနှီးတဲ့သောက်
ထားတဲ့မြန်မာနိုင်ငံတော်ကြီး
အဖွဲ့နှံ့ရှည်ဖို့ စည်းလုံးညီညွတ်စွာ
ဆက်လက်ကြိုးပမ်းမှုအာဇာနည်
တွေကို ဂုဏ်ပြုရာရောက်မှာ...


ပန်းသို့
ဝရုပဝိဟာရ
ကုန်ကာသားဘားဂိုဏ်သေ
ခွေးနက်ကြီး
ရှေးအခါ ကသဿပ မြတ်စွာဘုရားလက်
ထက်၌ မာရာဏာသိပ္ပသိတွင် ဒုသီနက
မင်းကြီး အုပ်စိုးသတဲ့. ကသဿပ မြတ်စွာ
ဘုရား သက်တော် ထင်ရှား ရှိစဉ် အခါက
လူ့ဂုဏ်ရေပန်းတို့ တရားကို ကောင်းစွာ ပြုကျင့်၍
နိဗ္ဗာန်ချမ်းသာကို ရရှိခံစားကြသော်လည်း
ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသော အခါ လူတို့
တရား မကျင့်သဖြင့် သေတိုင်း သေတိုင်း
အပါယ်ဘုံလေးပါးသို့ ကျရောက်
ခဲ့ကြ ကုန်တော့သည်.


နတ်ပြည်သမ္မာ
နတ်ဦးရေ မတိုးပဲ
တစ တစ နှုတ်းပါး
လာသတဲ့
ထိုအခါမှာ ဘုရား
အလောင်းဟာ တာဝတိံ
သာ နတ်ပြည်သမ္မာ
သိကြားမင်း ဖြစ်တယ်
သိကြားမင်းလေးသည်း နတ်ပြည်သမ္မာ
နတ်သစ်မတိုးပဲ သေတိုင်း အပါယ်
လားကြောတာကို ဆင်ခြင်ပြီး
အကြံပြုတယ်..
လူတွေကို
ခြောက်လှန့်ပြီး ကြောက်
ရွံတိတ်လန့်သော အာဒါ
တရားဟောပြ၍ သာသနာ
တော်ကို အာနန္ဒာတစ်ထောင်
တာသံစေခဲ့..
သိကြားမင်းလေးသည်း ဆုံးဖြတ်ပြီး
မာတလိ ကို ခွေးနက်ကြီးဟန်
ဖန်ဆင်းကာ သိဒ္ဓိကိုယ်ကို
ယူဆိုးဟန် ပန်ဆင်းဖို့ကိုတယ်..


မုဆိုးလေဘီး ခွေးနက်ကြီးကို ကြိုးငါးချောင်း
ဖွဲ့ချည်ကာ ဆွဲငြိုး ဝရဇိန်စွယ်တပ်ဆေတာ
မြားကိုလွှတ်လျှက် ဗာရာဏသီဖြို့နှင့်
တစ်ယူဇနာအကွာတွင်သက်ဆင်းကာ...
ဒိန်းဒိန်းဒိန်း
ပျာပျာသလဲ
ဒိန်းဒိန်းဒိန်း
ပျာပျာသလဲ
ဒိန်းဒိန်းဒိန်း
ပျာပျာသလဲ
ဟင်း!
နှတ်ဖျားသုံးကြိမ်ရွတ်ဆိုငြိုး
ဖြို့အနီးသို့ရောက်လာတယ်.


လူတို့လည်း ခွေးနက်ကြီးကို မြင်လျှင်
ကြောက်ရွံ့တိတ်လန့်ကြလျှင် မင်းကြီး
ထံလျှောက်ထားကြကုန်တယ်..
မင်းကြီးက
မြို့ဝန်ဆီးကို လျှင်
ပြန်ခွာ ပိတ်ဝေ
တယ်..သို့ကြောင်း
မင်းသေဉီး မြို့ရှိုး
ကို ခွေးနက်ကြီး
နဲ့အတူ ခွန်
ကျော်ထင်ပေါက်
တယ်...
ခွေးနက်ကြီးက
တွေ့တဲ့ လူတိုင်းကို ခြောက်
လှန့်ကာ နှိုးတော်ဂွိုဏ်
အပြေးသွားသတဲ့..



ဒုစရိုက်ကံကြီးတဲ့ ခွေးနက်ကြီးက လေသာတံခါးကို လေဆင်နွှဲစဉ်ကတည်းက ဖြောက်ကားကာ ကျယ်လောင်သောအသံ ဖြင့် ဟောင်စမတဲ့..
ဒုစရိုက်ကံကြီးတဲ့ ခွေးနက်ကြီးဟာ သူတို့ကိုခေါ်ပြီး နန်းပြာသာဒ်ဆီ တက်လေတယ်..
နန်းရင်ပြင်၌ ရှိသော လူတို့လေးဦး အထိတ်တလန့် ဖြစ်ကာ ရပြီး သွားချိ နန်းတော်တွင်း ဆိုဝင်ကာ တံခါးတို့ကို ပိတ်ကြကုန်တယ်
အို.. မှားပြီး သင့်ခွေး ဒီဘာ တွက်ကြောင့်လောင် နေရတာလဲ
အရှင်မင်းကြီး ဘာလောင်သော ကြောင့် ဟောင်တာပါဘုရား
ကောင်းပြီ သင့် ခွေးနက်ကြီး ဘား ငါဘာလျှော် ပေးပါမယ်..


ဘုရင်ရဲ့ ပြဿနာကို
ခွေးနက်ကြီးဘား ကျေး
ဇူးတယ်.
ခွေးနက်ကြီးက ဆမင်းဘားဇနီးကို
တလုတ်တဆုပ်း စားရှာ ပေးခဲ့ပြန်တယ်.
ဟုတ်
ဟုတ်
ဟုတ်


ဆိုစာခါ
မင်းကြီးဂေ ...
ကျွဲခွေးနှက်ကြီးကား
သာမန်မဟုတ် ဂေဆွေ့ စီးဝေးသာ
ဖြစ်ပေသိမ့်မယ်. လာခြင်းအကြောင်း
ကို မေးမှသင့်တော့မယ်..
အို. ဟုတ်ဆိုး
သင့်ခွေးနှက်က ဘာ
ဘယ်ကြောင့်ပေါက်
ကြသနည်းဘုရား
အရှင်မင်းကြီး
ခွေးနှက်ကြီးသည် ဘားသမင်
အသားကို စားရန် လာခြင်းမဟုတ်
လူသားစားရန် လာခြင်းသာဖြစ်
တယ်. ဟုတ်ပျက်စီးကြ
သောစာခါ
ခွေးနှက်ကြီး
လွတ်တွက်ပါ
ဘိုမ့်မယ်..
ဆိုစာခါ
ကျွန်ုပ်ရှေ့ရှိသူ
အသားကို စားပါ
ဘိုမ့်မယ်..
သင့်ရှေ့ရှိသူက
အသူနှသ်း
အရှင်မင်းကြီး
မတရားဖမ်းဆီးခြင်းခံရသူ
တရားနှင့် မစစ်ဆေးတိုင်သူကို
ဖြစ်ပါတယ်..



ထိုသူတို့ကို
ငါ့စား ပြောကြား
ပါဦးလော့..
အရှင်မင်းကြီး... သမိတ်သဘင်ကိုနှိုးဖို့ ဆောင်ယော
ရဟန်းတို့ လယ်လုပ်ကြသောအခါ၌ ကျီးစွေးက်ကြီး
ထွက်တွက်ပါဒိမ်းခဟ... ရဟန်းတို့ ဟုတ်ကဲ့ အို့ဝင်
ရောက်ကြသောအခါ၌ ကျီးစွေးက်ကြီး ထွက်တွက်
ပါဒိမ်းခဟ... ဆဲကျဉ်ဆဲထုံးသောစကားကို
ကြွေးကြော်ပြောဆိုကြပေး ဟုဆိုသောအခါ
လူသိုးကောင်... ပဏ္ဍာဘိ
အခါ၌သူသိုးကြောင်၏ အဘခား ယခုမူထွေကြသော
မောင်ပေါသောကြီး... အသက်ကြီးသော မိဘတို့ကို တတ်နိုင်
သမျှ မကုသပဲထွေးသောအခါ.. ဆရာဓမ္မာ.. မိတ်ဆွေဖမာ.. ဘဏ္ဍိ
အခါ၌သူသိုးကောင်... ပဏ္ဍာဘိ. သမိတ်ဒဏ်ကို
ဘဒေါ်ကြီးကို ထွန်ဝေးကြသောအခါ.. ပဏ္ဍာဘိ. သမိတ်ဒဏ်ကိုသိုး
သောအခါ.. အကြံသမားတို့. ခင်ဗျာ့ကို့သော ဖုတ်ကို ဖမ်းကိုသိုး
ကလေးငယ်သင်းခြင်း ဝတ်ကြား ခင်ဗျာ့ကို့သော ပြီးနိုင်
ဖျားထံ ခင်းကလေသောအခါ.. ထိမ်းသောကောင်လေး
ဘုရား... ပေါဖျားသောအခါ
ခြေနှက်ကြွေး
ကျွန်တော်တို့ သူသဘင်မျိုးသည်
ကျွန်ုပ်တို့၏ ရန်သူများပြစ်ကြ
ပေတယ်.. ဒါကြောင့် ခွေးနက်
ကြီးသည် ထိုသူတို့၏အာသာ
ကို စားပေလိမ့်မယ်..


အဲသည်နောက် ခွေးနက်ကြီးလည်း လူတို့ကို ပြေးစား တော့မယ်ဟန် ပြုသတဲ့..
သိကြားမင်းလည်း လူဘေပေါင်းထိတ်လန့်ကြောင်သောဘာ၀ ခွေးနက်ကြီးကို ကြိုးမှ ဆွဲထားသကဲ့သို့ ပြုလုပ်ပြီးနောက်..
ဆုဆိုးဘဲသွင်စွန့်ကာ သိကြားမင်း အဖြစ် ကောင်းကင်၌တောက်ပစွာ လင်းဘုသ် ပြုလိုက်တယ်..



ကာတွန်းပေါင်းသင်း - အာတလိကားအာရုဏ်အာနန္ဒာ.. သိကြားမင်းကား ဖြတ်စွာဘုရား ဖြစ်လေ၏..
သင်္ချိုင်းစာ - ဗာရာဏသီတည်ခဲ့သည်လဲ့ ကုသိုလ်ကောင်းဖွဲ့၍ ဖေ့လျော့ကာ မတရားပြုကျင့်သော
ကျင့်ကြံကြသဖြင့် သိကြားမင်း ဆင်းကာ ခြောက်လှန့်မှ ကုသိုလ်ကောင်းမှု
ပြု၍ ကောင်းရွေရွေကံကြွေလှသည်..
ဉာဏဒေဝ - ကုသိုလ်ကောင်းမှုဒွဲ့ ဖေ့လျော့ကြရွေ...

ဇာတ်သိမ်းမကျတဲ့သူ
နန်းတွင်းပန်းချီ



ဟိုး .... တစ်ခါတုန်းက တိုင်းပြည်ကြီးတစ်ပြည်မှာ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ခင်မင်လေးစားရတဲ့ နန်းတွင်းပန်းချီဆရာကြီးတစ်ဦး ရှိသတဲ့။

အဲသည့် နန်းတွင်းပန်းချီဆရာကြီးဟာ ပုံတူဆွဲတဲ့နေရာမှာ အင်မတန်ကိုလက်ရာမြောက်လွန်းတဲ့အတွက် ဘုရင်ကြီးဟာ သူကိုယ်တိုင်အပါအဝင် မိဖုရားတွေ၊ သားတော်တွေရဲ့ပုံတူကို အပ်နှံပြီး ရေးဆွဲစေသတဲ့။ ပန်းချီဆရာကြီး ရေးဆွဲပေးတဲ့ ပုံတူလက်ရာတွေဆိုတာ အင်မတန်ကောင်းလွန်းတာမို့ ဘုရင်ကြီးလည်း ဂုဏ်ပြုချီးကျူးပြီး ဆုတော်လာဘ်တော်တွေ ချပါသတဲ့။

တစ်နေ့မှာတော့ နန်းတွင်းပန်းချီဆရာကြီးဟာ ချင်ခြင်းတစ်မျိုးဖြစ်လာတာနဲ့ ဘုရင်ကြီးကို တင်ပြလျှောက်တော်မူပါတယ်။

"အရှင်မင်းကြီး . . . ကျွန်တော်မျိုးဟာ အသက်အရွယ် ကြီးမြင့်နေပါပြီ။ သည့်အတွက် ကျွန်တော်မျိုးကြီး မသေခင်မှာ ပုံတူ(၂)ပုံကို ရေးသွားခဲ့ချင်ပါတယ်"

"ကောင်းတာပေါ့. . . ပန်းချီဆရာကြီးရယ်။ ဒါထက် ဆရာကြီးအနေနဲ့ ဘယ်လိုမျိုး ပုံတူ(၂)ပုံကို ရေးခဲ့ချင်တာတုံး"

"အရှင်မင်းကြီး . . . ကျွန်တော်မျိုး ရေးခဲ့ချင်တာက တော့ "လောကမှာ ကြည်ညိုစရာ၊ အကောင်းဆုံး ပုဂ္ဂိုလ်ရဲ့ပုံတူနဲ့ လောကမှာ စက်ဆုပ်စရာအကောင်းဆုံးပုဂ္ဂိုလ်ရဲ့ပုံတူ" ပဲဖြစ်ပါတယ်။ အဲသည့်အတွက် ကျွန်တော်မျိုးကြီးကို ရုပ်နီးရုပ်ဝေး ခရီးလှည့်လည်ခွင့် ပေးတော်မူပါဘုရား"

"ကောင်းပြီ...ဆရာကြီး။ခွင့်ပြုပါတယ်။ခရီးစဉ်တစ်လျှောက် လှည့်လည်တဲ့အခါ လိုအပ်တဲ့ကိစ္စတွေ အတွက် သုံးစွဲရလေအောင် ရိက္ခာငွေကြေးတွေ ထုတ်သွားပေတော့"

"ကျေးဇူးအထူးတင်ရှိပါတယ် . . . အရှင်မင်းကြီး"

အဲသည်လို ဘုရင်မင်းမြတ်ထံက ခွင့်ပြုချက်ရတာကြောင့် နန်းတွင်းပန်းချီဆရာကြီးလည်း ဝမ်းသာအားရနဲ့ တပည့်ကျော် လုလင်တစ်ဦးကို ခေါ်ဆောင်ပြီး ခရီးထွက်ခဲ့ပါတော့တယ်။

ရက်အနည်းငယ်ကြာတဲ့အထိအောင် ပန်းချီဆရာကြီးအဖို့ သူ့ဆန္ဒနဲ့ ကိုက်ညီတဲ့ ရုပ်လွှာရှင်ကို ရှာလို့မတွေ့ခဲ့ပါဘူး။ သည်လိုနဲ့ တစ်မနက်ခင်းမှာတော့ ပန်းချီဆရာကြီးဟာ တောလမ်းကလေးအတိုင်း ရှေ့ကလျှောက်၊ ပန်းချီဆွဲကိရိယာတွေကို တပည့်က ထမ်းပြီး နောက်ကလိုက်နဲ့ ခရီး တော်တော်လေး ပေါက်ခဲ့ကြတယ်။

ပတ်ဝန်းကျင်မှာတော့ နှင်းမှုံကလေးတွေက ဝေ့ဝေ့ဝဲဝဲ။

နေရောင်ခြည်မျှင်တန်းတွေက သစ်ပင်ကြို့သစ်ပင်ကြားကဖြာအကျ၊လိပ်ပြာလေးတွေက အရောင်အသွေးစုံစုံနဲ့ တောင်ပံခတ်နေကြတဲ့မြင်ကွင်းဟာ အတော်ကလေးကို မျက်စိပသာဒဖြစ်ဖို့ ကောင်းနေလေတော့ ဆရာကြီးရဲ့ ရင်ထဲမှာ အတော်ကလေးကို ကြည်ကြည်နူးနူး ဖြစ်နေပါတော့တယ်။

သည်အချိန်မှာတင် ဆရာကြီးရဲ့အမြင်အာရုံထဲကို ရုပ်ပုံလွှာတစ်ခုက ထင်မှတ်မထားဘဲ ဝင်ရောက်လာခဲ့တယ်။ သည်ရုပ်ပုံလွှာကို ဆရာကြီးဟာ မင်တက်ငေးမောစွာ ကြည့်ရှုနေရင်း ရင်တွေ တလှပ်လှပ် ခုန်လာခဲ့ပါလေရော ...။

"ဟာ . . . ဒါ . . ဒါ . . . ငါသိပ်ကို ဆွဲချင်ပါတယ်ဆိုတဲ့ "လောကမှာ ကြည်ညိုစရာ အကောင်းဆုံးပုဂ္ဂိုလ်"ရဲ့ ရုပ်ပုံလွှာနဲ့ တစ်ထပ်တည်းမှ တစ်ထပ်တည်း ..."

ဆရာကြီး ကောက်ချက်ချမယ်ဆိုရင်လည်း ကောက်ချက် ချထိုက်ပါပေတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာကြီး တွေ့မြင်လိုက်ရတဲ့ရုပ်ပုံလွှာဟာ အင်မတန်ကို ကျက်သရေ ရှိရုံမက ဣန္ဒြေသိက္ခာအပြည့်နဲ့ သပိတ်ကိုပိုက်ပြီး မျက်လွှာကလေးချလို့ သိမ်သိမ်မွေ့မွေ့ တစ်လှမ်းချင်း လှမ်းကြွလာတဲ့ ရဟန်းပျိုကလေးဖြစ်နေလို့ပါပဲ။ ဝါဝါညက်ညက် အသားအရေ၊ ဦးပြည်းကလေးက စိမ်းစိမ်းနဲ့ သင်္ကန်းတော်ဟာ အင်မတန်မှလိုက်ဖက်လွန်းလှပါပေရဲ့....။

"ရပ်တော်မူပါဦး– အရှင်ဘုရား။ ရပ်တော်မူပါဦး"

ပန်းချီဆရာကြီးလည်း ပေးလာတဲ့အခွင့်အရေးကို လက်လွတ်မခံနိုင်တော့တာမို့ ရဟန်းပျိုကလေးရှိရာ ခပ်ရှိရှိသွားပြီး သူ ဆန္ဒအာသီသရှိသည့်ကိစ္စကို လက်အုပ်ကလေးချီရင်း တောင်းပန်လျှောက်ထားပါတော့တယ်။

"ကောင်းပြီ– ဒကာကြီး။ ဒကာကြီး– စိတ်ဆန္ဒရှိတဲ့အတိုင်း လုပ်ပါလေ"

ရဟန်းပျိုကလေးဆီက ခွင့်ပြုချက်ရလာပြီဆိုတာနဲ့ တပည့်ဖြစ်သူကို ပစ္စည်းတွေ ဆင်ခိုင်းပြီး ရဟန်းပျို

ကလေးရဲ့ ကြည်ညိုဖွယ်ရုပ်ပုံလွှာကို ပုံကြမ်းလောင်းပါတော့တယ်။ စိတ်တိုင်းကျပြီဆိုတော့မှ အလုပ်ကို လက်စသတ်ပြီး ရဟန်းပျိုကလေးကို လှူဖွယ်ဝတ္ထုတွေ ဆက်ကပ်လိုက်ပါတယ်။

"ကိုင်း . . . ဒကာကြီး . . သွားပေဦးတော့"

"တင်ပါ့ ဘုရား"

အဲသည်နောက်မှာတော့ ဆရာကြီးလည်း စတည်းချရာကို ပြန်သွားပြီး ပုံကြမ်းလောင်းခဲ့တာတွေကို အနုစိတ် ခြယ်မှုန်းပါတော့တယ်။ စိတ်အာရုံတစ်ခုလုံး ကြည်လင်လန်းဆန်းနေတာမို့ ကြည်ညိုစရာအကောင်းဆုံး ရုပ်ပုံလွှာဟာ အင်မတန်မှ ကြွနေတာနဲ့အမျှ ပန်းချီကားကို ကြည့်ရှုမိကြသူအပေါင်းဟာ လက်အုပ်မချီဘဲကို မနေနိုင်တော့လောက်အောင်ပါပဲ။

ပန်းချီဆရာကြီးအဖို့ ချင်ခြင်းတစ်ဝက် ပြီးဆုံးသွားလို့ နောက်ချင်ခြင်းကို လက်စသတ်ရအောင် တပည့်လေးနဲ့ ခရီးဆက်ပြန်ပါတော့တယ်။

တစ်ရွာဝင်၊ တစ်ရွာထွက်၊ တစ်မြို့ဝင်၊ တစ်မြို့ထွက်နဲ့ ခရီးဆက်လာလိုက်တာရက်တွေ၊လတွေကြာညောင်းလာတဲ့တိုင်အောင် ဆရာကြီးအဖို့ "လောကမှာ စက်ဆုပ်စရာအကောင်းဆုံးပုဂ္ဂိုလ်"ဆိုတာကို စိတ်တိုင်းကျ ရှာမတွေ့နိုင်ခဲ့ပါဘူး။ ဒါပေမဲ့...ဆရာကြီးဟာစိတ်မပျက်ဘဲ ခရီးတွေ ဆက်ပြန်ပါသေးတယ်။ ဒါလည်းပဲ စိတ်ဆန္ဒမပြည့်ဝခဲ့ပါဘူး။

နောက်ဆုံးမှာတော့ စိတ်လျှော့ပြီး တိုင်းပြည်ကို ပြန်လာခဲ့ပါတယ်။ တိုင်းပြည်ကို ပြန်ရောက်တဲ့အခါ သူဆွဲပြီးတဲ့ပန်းချီကားကို ဘုရင်ကြီးထံ ဆက်သပါတယ်။

"အင်မတန်မှ လက်ရာမြောက်တဲ့ ပန်းချီကားပါပဲလား...ဆရာကြီး။ စာညွှန်းထားတဲ့အတိုင်း တကယ့်ကို ကြည်ညိုစရာကောင်းပေတာပဲ။ ဒါထက် နောက်ထပ်ကားတစ်ကားကော . . . "

"အရှင်မင်းကြီး . . . နောက်ထပ်တစ်ကား ရေးဖို့အတွက် တစ်ရွာဝင်၊ တစ်ရွာထက်၊ တစ်မြို့ဝင်၊ တစ်မြို့ထွက်နဲ့ လှည့်လာ သွားလာလိုက်တာ နှစ်တောင် ပေါက်ပေမဲ့ စိတ်တိုင်းကျပုဂ္ဂိုလ်ဆိုတာ ရှာမတွေ့လို့ လက်တောင် လျှော့ရမလို ဖြစ်နေပါပြီ– အရှင်မင်းကြီး"

"စိတ်ဓာတ်မကျပါနဲ့ . . . ဆရာကြီးရယ်။ တကယ်တော့ ဆရာကြီး ရှာနေတဲ့ "လောကမှာ စက်ဆုပ်စရာအကောင်းဆုံးပုဂ္ဂိုလ်"ဆိုတာမျိုးဟာ လူဆိုးသူခိုးတွေရဲ့နေရာ၊ အကျဉ်းထောင်မှာပဲ ရှိလိမ့်မပေါ့"

"အင်း . . . ဆရာကြီး စိတ်တိုင်းကျမလားတော့ မသိဘူး။ နောက်တစ်ရက်မှာ တောင်စွယ်နေကွယ်ရင် သုတ်သင်ပစ်ရမယ့် ရာဇဝတ်အကျဉ်းသားတစ်ဦးတော့ ရှိလေရဲ့။ အဲသည်ကို သွားကြည့်ပါလား . . . ဆရာကြီး"

"လျော်ကန်သင့်မြတ်လှပါတယ်. . အရှင်မင်းကြီး"

ဆရာကြီးလည်း ဘုရင်မင်းမြတ် ညွှန်ကြားတဲ့အတိုင်း သေဒဏ်ပေးခံရတဲ့ အကျဉ်းသားကို ချုပ်နှောင်ရာ အကျဉ်းထောင်ကို သွားပါတော့တယ်။ ထောင်မှူးနဲ့တွေ့တဲ့အခါ အကျိုးအကြောင်းသိချင်တာနဲ့ မေးမြန်းစုံစမ်းကြည့်ပါတော့တယ်။

"တကယ်ပါပဲ. . . ဆရာကြီးရယ်။ "လောကမှာ စက်ဆုပ်စရာအကောင်းဆုံး"ဆိုတဲ့ပုဂ္ဂိုလ်ဟာ သူကလွဲရင် ဘယ်သူမှ ရှိနိုင်လိမ့်မယ် မထင်ဘူး"

"ဘယ်လိုစက်ဆုပ်စရာကောင်းတာလဲ . . . ထောင်မှူးရဲ့"

"ပြော မပြောချင်ပါဘူး ဆရာရယ်။ သေရည်သေရက်တွေ အလွန်အကျွံသောက်စားမူးယစ်ပြီး နှမကို နှမမှန်း မသိတော့ဘဲ အဓမ္မကျူးလွန်တယ်"

"အို ..."

"မပြီးသေးဘူး ဆရာကြီး။ လူမှန်းမသိလောက်အောင် မူးရူးနေတဲ့ အဲသည့်ပုဂ္ဂိုလ်ဟာ နှမကို နှမမှန်းမသိတော့တဲ့အပြင် မိဘကိုလည်း မိဘမှန်း မသိတော့ဘူးလေ။ သမီးကို မတော်မတရား ပြုကျင့်နေတဲ့ အဲသည်သေသောက်ကြူးကို ဝင်ရောက်တားဆီးရမလား ဆိုပြီး မိဘနှစ်ပါးရော၊ ညီမဖြစ်သူကိုပါ ရက်စက်စွာသတ်ဖြတ်ပစ်ခဲ့တယ်။ ဘုရားကျောင်းဆောင်တစ်ခုလုံးကို ကျွမ်းထိုးမှောက်ခုံလုပ်ပြီး အိမ်ကို မီးရှို့ပြန်တယ်။

အဲသည့်အတွက် သေဒဏ်ကျခံရတာပဲ ဆရာကြီး။ ဒင်းပြုမူတဲ့အကုသိုလ်ကံကြောင့် မနက်ဆိုရင် အသက်ဆုံးရတော့မယ့်အပြင် တမလွန်ဘဝရောက်ရင်လည်း ငရဲကို ကျမှာ ကျိန်းသေပဲ။ ကဲ . . . ဆရာကြီးပဲ စဉ်းစားကြည့်ပါတော့။ သည်လောက် ကမ်းကုန်အောင် စက်ဆုပ်သူ ရှိပါသေးလားလို့ ...”

ဒါနဲ့ပဲ . . . ဆရာကြီးလည်း သူ့ရဲ့ချင်ခြင်းတော့ ပြည့်မြောက်ပြီဆိုပြီး အကျဉ်းထောင်ထဲကိုဝင်လို့ အကျဉ်းသားရဲ့ပုံကို ရေးဆွဲပါတော့တယ်။

အကျဉ်းသားကတော့ ဆရာကြီးကို ရှုတည်တည်ကြီး ကြည့်လို့ပေါ့။

အကျဉ်းသားရဲ့ရုပ်ရည်ဟာ နေလောင်ခံထားရလို့ ညိုမည်းနေတဲ့အပြင် ပေတေဆိုးရွားမှုဒဏ်၊ အရက်သေစာ သောက်စားထားတဲ့ဒဏ်တွေကြောင့် အတော်ကလေးကို အိုစာပြီး အကျဉ်းတန်လှပါတယ်။ သိပ်မကြာခင်မှာပဲ ဆရာကြီးလည်း ပုံကြမ်းကို စိတ်တိုင်းကျလောင်းပြီးသွားပါတော့တယ်။ သည်အချိန်မှာပဲ အကျဉ်းသားရဲ့နှုတ်ဖျားက စကားသံ ထွက်ပေါ်လာပါတယ်။

“ဆရာကြီး- ကျုပ်ကို မှတ်မိပါရဲ့လား”

အကျဉ်းသားထံက ပေါ်ထွက်လာတဲ့စကားသံကြောင့် ဆရာကြီးဟာ တွေခနဲ ဖြစ်သွားတယ်။

“မောင်ရင်နဲ့ ကျုပ်ဟာ ဘယ်လိုမှ အဆက်အစပ်မရှိတာမို့ မမှတ်မိပါဘူးကွယ်”

“အင်းလေ- အချိန်ကာလတွေက ပြောင်းသလို၊ အခြေအနေတွေကလည်း ပြောင်းနေတော့ မှတ်မိစရာမရှိတာ မဆန်းပါဘူးလေ”

“နေပါဦး...မောင်ရင်။ ကျုပ်နဲ့ မောင်ရင်တို့ ဘယ်လိုပတ်သက်ခဲ့ကြလို့လဲ . . . ပြောပါဦး”

“ဒါဆိုလည်း ပြောရတာပေါ့လေ။ တစ်ခါတုန်းက တောလမ်းကလေးတစ်နေရာမှာ ဆရာကြီးဟာ ခုလိုပဲ ကျုပ်ကို ပုံတူဆွဲခဲ့သေးတယ်လေ”

“ဟင် ...”

ဆရာကြီးလည်း ပါးစပ်အဟောင်းသား ဖြစ်သွားရတယ်။ ပြီးတော့မှ-

“ဒါ...ဒါဆို...ကျုပ်တွေ့ ကြုံခဲ့ရတဲ့ ရဟန်းပျိုကလေးမှာ အခု မောင်ရင်ပဲပေါ့”

“သိပ်သေချာတာပေါ့ . . . ဆရာကြီးရယ်။ အဲသည် ရဟန်းပျိုကလေးဟာ ကျုပ်မှ ကျုပ်အစစ်ပါပဲ”

“ဘုရား...ဘုရား...မယုံနိုင်စရာပါပဲလား။ ခု- ဘယ်လိုများ ဖြစ်သွားရတာတဲ့တုံး”

“အင်း...အဓိကတရားခံတွေကတော့ မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ သေရည်သေရက်ပါပဲ . . . ဆရာကြီး။ မကောင်းတဲ့အပေါင်းအသင်းတွေနဲ့ ပေါင်းဖော်မွေ့လျော်မိတော့ ကျုပ်ဟာ လူဝတ်လဲခဲ့ရပြီး မကောင်းမှုမှာ မွေ့လျော်လာခဲ့မိတယ်။ ပြီးတော့ . . . အသိဉာဏ်ကို ပျက်ပြားစေတဲ့ သေရည်နှံမှာ နစ်မျောမိလို့ ကျုပ် အင်မတန်ချစ်ရတဲ့ နှမကလေးကို လူစိတ်ပျောက်ပြီး မအပ်မရာတွေ လုပ်ခဲ့မိတယ်။ မြင်းမိုရ်မကကြီးမားလှတဲ့ကျေးဇူးရှင်မိဘတွေကိုလည်း အသိစိတ် ကင်းမဲ့ပြီး သတ်ဖြတ်မိခဲ့တယ်။ သည်အမှားဟာ ပြင်လို့ မရတော့ပါဘူး။ အစစ အရာရာ နောက်ကျခဲ့ပါပြီလေ ...”

အကျဉ်းသားရဲ့ စကားအဆုံးမှာတော့ ပန်းချီဆရာကြီး စိတ်မကောင်းကြီးစွာနဲ့ အကျဉ်းထောင်ထဲက ပြန်ထွက်လာခဲ့တော့တယ်။

ပုံဝတ္ထုကလေးကတော့ ဒါပါပဲ။

အဲသည်မှာ သင်ခန်းစာ ယူစရာတွေ အများကြီးနော်။

အပေါင်းအသင်း မကောင်းရင်၊ သေရည်သေရက်ကို ခုံမင်ရင် နောက်ဆုံးမှာ ဇာတ်သိမ်းမလှ ဖြစ်တတ်တာပေါ့ကွယ်။

နန္ဒာမိုးကြယ်

မောင်ဘုကြီးထိုင်းနှင့် ဘုးကြားလေသော မဲန္တာန်

ထုံးမမ (ပျော်)

ရှေးသရောအခါက ဗာရာဏသီပြည်၌ ဖြတ္ဓဒတ် မင်းကြီး မင်းပြုစဉ် ထင်ရှားသော ဒိသာပါမောက္ခဆရာ ကြီးတစ်ဦး ရှိလေသည်။ ထိုဆရာကြီးထံတွင် တပည့် များစွာတို့ လာရောက်ပညာသင်ကြရာ အလွန်ဉာဏ် ထိုင်းသော တပည့်တစ်ယောက်သည်လည်း လာ ရောက် ပညာသင်ကြားသည်။ ယင်းတပည့်သည် ဉာဏ်ထိုင်းသော်လည်း အခြားသော တပည့်များထက် လိမ္မာရေးခြားရှိကာ ဆရာ့ဝတ်ကြီးဝတ်ငယ်အသွယ် သွယ်ကိုအမြဲမပြတ် ဆောင်ရွက်ပေး၏။

အချိန်တန်၍ အခြားသောတပည့်များမိမိတို့တိုင်း ပြည်သို့ အသီးသီးပြန်ကြသောအခါ ဆရာကြီးသည် ဉာဏ်ထိုင်းသောတပည့်အား တောထဲ ခေါ်သွားသည်။ တောထဲတွင် အထူးစီစဉ်လာသည့် ဂါထာတစ်ပုဒ်ကို ဉာဏ်ထိုင်းသောတပည့်အား အကြိမ်ကြိမ် အရသင် ပေး၏။

"ဃန္ဓေသိ ဃန္ဓေသိ၊ ကိံကာရဏာ ဃန္ဓေသိ၊ အဟ မွိ တံ ဇာနာမိ"

ဟူ၍ ဖြစ်သည်။

"ဟော့လူ၊ ဘာလုပ်နေတာလဲ၊ ဘာလုပ်နေတာ လဲ။ ဘာကြောင့် အဲဒီလို လုပ်နေရတာလဲ၊ မင်းတို့ကိစ္စ ကို ငါသိပြီးသားပါ"

ဟု အဓိပ္ပာယ်ရလေသည်။

ထိုဂါထာကို အလွတ်ရအောင် သင်ပေးလိုက်ပြီး အမြဲမပြတ် ရွတ်နေရန် မှာကြား၍ လွှတ်လိုက်သည်။ တပည့်သည် ဗာရာဏသီပြည်သို့ ရောက်သောအခါ မိဘတို့က ဧည့်ခံကျွေးမွေး ကျင်းပပေး၍ ညဉ့်နက်မှ အိပ်ရသည်။ ထိုအချိန်တွင် ဘုရင်ကြီးသည် တိတ် တဆိတ်ဖြင့် မြို့တွင်းလှည့်လည် စုံစမ်းရာ ထိုအိမ်အနီး သို့ရောက်လာသည်။ယင်းအခိုက်မှာပင် သူခိုးတို့သည် အိမ်နံရံဖောက်၍ ထိုအိမ်ကို ခိုးရန် လုပ်နေကြသည်ကို ဘုရင်ကြီးသည် အမှောင်ရိပ်ထဲမှ တွေ့နေရ၏။

များမကြာမီ အိမ်ထဲတွင် အိပ်ပျော်နေသော ဆရာ ကြီး၏တပည့်သည် အိမ်ပြင်သို့ ယောင်ယမ်းပြီး ထွက် လာကာ နှုတ်မှလည်း ဆရာကြီး သင်ပေးလိုက်သည့် ဂါထာကို ကျယ်လောင်စွာ ရွတ်ဆိုလိုက်သည်။ သူခိုး တို့သည် "ငါတို့ကိစ္စကို အိမ်ရှင်တွေ သိသွားပြီ" ဟုထင် မှတ်၍ လက်နက်ပစ္စည်းများကို လွှတ်ချပြီး ထွက်ပြေး သွားကြလေတော့သည်။

ထိုအဖြစ်အပျက်တို့ကို အစအဆုံးမြင်တွေ့ထား သည့် ဘုရင်ကြီးသည် နံနက်လင်းသောအခါ တက္ကသိုလ်ပြန် ထိုတပည့်ကို နန်းတော်သို့ ဆင့်ခေါ်စေ ပြီး ဂါထာကိုသင်ပေးပါရန် တောင်းပန်သည်။ ဂါထာ သင်ပေးခအဖြစ် အသပြာတစ်ထောင် ပူဇော် ချီးမြှောက်သည်။ နောက် တစ်နေ့တွင် ဘုရင်ကြီးသည် ဆတ္တာသည်အားမုတ် ဆိတ်ကျင်စွယ်ရိတ်ပယ်ရန် စေခိုင်းလေ၏။ ထိုနံနက်ကမှာ ပင် ဆတ္တာသည်ထံသို့ စစ်သူကြီးရောက်လာပြီး သင်တုန်းမားထက်ထက် ဖြင့် ဘုရင်ကြီး၏လည်မြို့ကို လုပ်ကြံရန် ကြိုတင် စည်းရုံးထားသည်။ အောင်မြင်လျှင် သူကဘုရင် လုပ်ပြီး ဆတ္တာသည်အား စစ်သူကြီးခန့်မည်ဟု စည်းရုံးထားလေ၏။

ဆတ္တာသည်သည် ဘုရင်ကြီး၏ မုတ်ဆိတ်ကို ရေ မွှေးဆွတ်ဖျန်း၍ ဓားကို ပို၍ ထက်စေရန် သွေးနေ၏။ ထိုအချိန်တွင် ဘုရင်ကြီးသည် အလွတ်ကျက်ထား သည့်ဂါထာကို စိတ်ဝယ် သတိရပြီး အသံကျယ်ကျယ် ဖြင့် ထ၍ ရွတ်ဆိုသည်။ ဆတ္တာသည်လည်း မိမိတို့ အလုပ် ကို ဘုရင်ကြီးသိလေပြီဟု ယူဆကာ ခြေရင်း တွင် ဝပ်ဆင်း၍ တောင်းပန်သည်။

ဘုရင်ကြီးသည် အကြောင်းရင်းမှန်ကို မသိသော် လည်းမှင်မောင်းကောင်းကောင်းဖြင့် စစ်ဆေးမေးမြန်း

တော့၏။ထိုအခါဘုရင်ကြီးအားလုပ်ကြံမည့်အရေးကို ဖော်ထုတ်နိုင်လေသည်။လုပ်ကြံသတ်ဖြတ်ရန်စေခိုင်း သူစစ်သူကြီးကို ရာထူးမှ ထုတ်ပယ်ပြီး နယ်နှင်ဒဏ် ပေးလိုက်၏။ တက္ကသိုလ်ပြန်ဂါထာသင်ပေးသူကို စစ် သူကြီးအရာခန့်လိုက်လေသည်။ ဆရာကြီး၏ ကျေးဇူး ကြောင့် ဉာဏ်ထိုင်းသော တပည့်သည်လည်း ချမ်းသာ ကြီးပွားခဲ့ရသည်။ ဆရာကြီးမှာ ဘုရားရှင်ဖြစ်လာပြီး တပည့်မှာ စူဠပန္ထကမထေရ်ဖြစ်လာသည်။

ရဟန်းအပေါင်းတို့သည် "မြတ်စွာဘုရားသည်စူဠ ပန္ထကမထေရ်၏ မှီခိုကိုးကွယ်ရာ ဖြစ်လေသည်မှာ အံ့သြဖွယ်ရှိပါပေစွတကား" ဟုပြောဆိုကြလျှင် ဘုရား ရှင်က "ငါဘုရားသည် ယခုအခါ၌သာ စူဠပန္ထက၏ မှီခိုကိုးကွယ်ရာ ဖြစ်သည်မဟုတ်သေး၊ ရှေးအခါ၌ လည်း မှီခိုကိုး ကွယ်ရာဖြစ်ဖူးသည်သာလျှင်တည်း" ဟု မိန့်တော်မူပြီးအတိတ်ဇာတ်ကို ဟောတော်မူ၏။

ဘုရားလောင်းသည် ဘဝတစ်ခုတွင် သူဌေးကြီး ဖြစ်သောအခါ နန်းတော်သို့ အသွားတွင် ကြွက်သေ တစ်ကောင်ကို တွေ့သဖြင့် ဤကြွက်သေကို အသုံးချ တတ်လျှင် ကျော်ကြားသည့် သူဌေးဖြစ်နိုင်သည်ဟု ပြောဆိုသည်။ ဤသည်ကို ဆင်းရဲသားတစ်ယောက် က ကြားပြီး ကြွက်သေကို ကြောင်စာအဖြစ် ရောင်း ချသည်။ ရရှိသော ငွေတစ်ချင်းရွေးဖြင့် ထန်းလျက် တို့ကို ဝယ်၍ ပန်းသည်တို့အား ကျွေးမွေး၏။ ပန်းသည် တို့က အသီးသီးပန်းလက်ဆောင်ပေးကြရာ ရရှိသော ထိုပန်းများကို တခြားတွင်သွားရောက်ရောင်းချသည်။ ပန်းရောင်း၍ရရှိသောငွေများကိုထန်းလျက်ခဲများထပ် မံဝယ်ယူ၍ပန်းခြံသို့ သွားကာ ပန်းဝယ်ရောင်းလုပ်ပြန် ၏။ တစ်ခါသော် အရပ်တစ်ပါးမှ မြင်းကုန်သည် များ စွာလာကြောင်းကို လုလင်ကြားသိလေ၏ လုလင်က ရသမျှငွေကို မြတ်ရိတ်သမားတို့နှင့် ပေါင်း၍ မြက် များ ကြိုတင်ဝယ်ထားလိုက်သည်။ အရပ်တစ်ပါးမှ ရောက်လာသော မြင်းကုန်သည်တို့သည် မြင်းစာ အတွက် မြက်ကို ရှာသော် ထိုဆင်းရဲသားက ချုပ်ကိုင် ဝယ်ယူထားသဖြင့် ထိုသူ့ထံမှ သာဝယ်ယူကြရသည်။ ထိုအခါ ဆင်းရဲသားတွင် အမြတ်ငွေများများ ကျန်ရစ် ခဲ့သည်။


တစ်နေ့လေပြင်းတိုက်သဖြင့် ဘုရင့်ဥယျာဉ်တော် အတွင်း သစ်ပင်တချို့လဲကျကျိုးကျကုန်သည်။ ထို ဆင်းရဲသားသည် လဲကျကျိုးကျသော သစ်ပင်များကို ပုတ်ပြတ်ယူ၍ ကလေးများကို မုန့်ကျွေးကာ လုပ်အား ဖြင့်ရှင်းလင်းသည်။ ရရှိသော ထင်းများကို ရောင်းချပြီး ထို ရောင်းရငွေတို့ဖြင့် ဆိပ်ကမ်းသို့ရောက်လာသော ကုန်ပစ္စည်းများကို ချုပ်ကိုင်၍ လက်လီလက်ကား ပြန်လည်ရောင်းချခဲ့ရာ အသပြာနှစ်သိန်းကျော်ကျော် ရရှိခဲ့သည်။

ထိုငွေများကို ယူပြီး သူဌေးကြီးထံသို့ ကျေးဇူးကို အောက်မေ့၍ သွားရောက်ကန်တော့ရာ သူဌေးကြီးက ထိုသူ၏ လုပ်ရည်ကိုင်ရည်ကို သဘောကျပြီး သမီးနှင့် ပေးစားကာ သူဌေးအရာချီးမြှောက်ခဲ့လေသည်။ ဤ သို့ဖြင့် ဘုရားလောင်းသူဌေးကြီးသည် ဘဝပေါင်းများ စွာတွင် ဆင်းရဲသား စူဠပန္ထကအား ချမ်းသာကြွယ်ဝ အောင် ဆောင်မခဲ့သည်။ လောကတွင် အမှီကောင်း လျှင် ချမ်းသာ၍ အကျိုးများနိုင်ကြောင်းကို သာဓက ယူဖွယ်ပင် ဖြစ်ပါတော့သည်။

ထူးမမ(ပေါင်)

ဂေဟာကြီးကိုသုတ်ပြီး

လင်းသက်ခိုင်





ဟိုးရှေးရှေးတုန်းကတဲ့။ ရွာတစ်ရွာမှာဆင်းရဲတဲ့ လင်မယားနှစ်ယောက် ရှိသတဲ့ကွယ်။ သူတို့မှာ အရွယ်ရောက်ပြီဖြစ်တဲ့ သမီးလေးတစ်ယောက်နှင့် သားလေးတစ်ယောက်ရှိတာပေါ့။ သူတို့ဟာ သာယာကုန်းဆိုတဲ့ရွာကလေးမှာ တောင်ယာအလုပ်ကို လုပ်ကိုင်ပြီး အသက်မွေးမှုပြုကြသတဲ့။ သူတို့နေတဲ့ သာယာကုန်း ရွာလေးမှာ အဲဒီတုန်းက အိမ်ခြေများများစားစားလည်း မရှိဘူး။ တောင်ယာကုန်းမြင့်လေးတွေပေါ်မှာ သူတို့ရဲ့အိမ်တွေကိုဆောက်ထားကြတယ်ဆိုပေမယ့် တစ်အိမ်နှင့် တစ်အိမ်ဟာ ခပ်လှမ်းလှမ်းလောက်တော့ ဝေးကြတာပေါ့။ အဲဒီမှာ နေတဲ့ မိသားစုတွေဟာ ပြည့်စုံကြွယ်ဝတဲ့သူတွေ မဟုတ်ကြဘဲ စိုက်ပျိုးလို့ရသမျှလောက်ကိုပဲ ရောင်းချပြီး၊ လောက်အောင် စားသုံးကြသတဲ့ကွယ်။ သူတို့တွေဟာ ရိုးသားအေးဆေးပြီး လောဘ၊ ဒေါသ၊ မာန်မာနတွေလည်း မရှိကြဘဲ ကိုယ်ရှာလို့ရသမျှတွေကို ကိုယ့်မိသားစုနှင့် စားသုံး၊ အကယ်၍ ပိုလျှံနေပြန်ရင်လည်း ကိုယ့်အနီးနားက မိသားစုတွေရှာဖွေပြီး ပေးကမ်းကျွေးမွေးတတ်ကြတယ်။ ရသမျှကို ရောင့်ရဲပြီး လောက်ငအောင် စားသုံးကြတယ်။ ပြီးရင် နားအေးပါးအေးနဲ့ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြတာပေါ့ကွယ်။

ဒါနဲ့ အဲဒီဆင်းရဲတဲ့ လင်မယားဟာ တစ်နေ့တော့ ထင်းခွေဖို့ သွားကြတာပေါ့ကွယ်။ ဆင်းရဲသားယောကျ်ားရဲ့ အမည်က ကိုအေးတဲ့ မိန်းမကတော့ မအေးလို့ ခေါ်တယ်။ ပြီးတော့ သူ့သမီးက မချောတဲ့။ သူ့သားလေး အမည်ကတော့ ကိုပေါပေါ့ကွယ်။

သူတို့သားအမိသားအဖလေးဦးဟာ တောင်ယာအလုပ်တွေ နားချိန်မှာ တောထဲက ထင်းတွေကို သွားကောက်ကြပြီးမိုးတွင်းမှာ သုံးဖို့ကောက်ယူစုဆောင်းကြသတဲ့ကွယ်။ ထင်းကလည်း ရှာစရာတောင်မလိုပါဘူး။ တောထဲက သစ်ကိုင်းခြောက်တွေကိုလိုက်လံကောက်ယူပြီး စုဆောင်းသယ်ယူတာပါ။ ဒီလိုနဲ့ တစ်နေကုန် တစ်နေခမ်းထင်းတွေသွားကောက်ပြီး မိသားစု လေးယောက်တစ်နိုင်တစ်ဆွဲစီ သယ်ယူထမ်းပိုးလာလိုက်ကြတာ တစ်နေကုန်ပါရောလား။ ဒီလိုနှင့် နေ့တိုင်းတောထဲ သွားသယ်လိုက် ညနေစောင်းရင် ပြန်လာလိုက်နှင့် မိုးတွင်းအတွက်ထင်းခြောက်စုဆောင်းနေကြတာပေါ့။

ဒီလိုအလုပ်တွေကို လနှင့်နှစ်နှင့်ချီလုပ်ကိုင်လာကြတာ ဘယ်သူမှညည်းရကောင်းမှန်း မသိကြဘူးတဲ့။ သားအမိအဖလေးဦးလုံး ဘယ်သူမှ မညည်းမညူဘဲလုပ်ကိုင်လာကြတာလေ။ ညည်းညူတဲ့ကိစ္စဆိုတာလည်းသူတို့ဘဝမှာရှိလည်းမရှိဘူး။ သိလည်းမသိဘူးတဲ့။ ဒါပေမဲ့ တစ်နေ့မှာတော့ သူတို့မိသားစုထင်း ခြောက်တွေ ကောက်နေတုန်းမှာ ကိုအေးမအေးတို့ရဲ့သမီးလေး မချောထင်းကောက်နေတဲ့ နံဘေးက သစ်ပင်စောင့်နတ်သားက ပျင်းပျင်းရှိတာနဲ့ ဘေးဘီကို ကြည့်လိုက်တာ မချောကိုတွေ့သတဲ့။ ဒါနဲ့ သူဟာ မချောရဲ့ခေါင်းကိုသူ့ရဲ့ နောက်ပြောင်တတ်တဲ့ နှင်တံလေးနှင့်တို့လိုက်ပြီး ညည်းညူတတ်တဲ့စကားဆိုစေလို့အမိန့်ပေးလိုက်သတဲ့။ ဒါနဲ့ပဲ မကြာခင်မှာ မချောလေးဟာမောမောပန်းပန်းနှင့် ထင်းခြောက်ကောက်တဲ့ သစ်ပင်နံဘေးမှာ ထိုင်ချပြီး

သူနှဖူးက စီးကျလာတဲ့ ချွေးတွေကို သုတ်ရင်းနှင့် “ပင်ပန်းဆင်းရဲလိုက်တာ” ဟု သူ့ပါးစပ်ကညည်းညူလိုက်သတဲ့ကွယ်။ ဒီလိုညည်းညူတယ်ဆိုတာ သူ့ဘဝမှာ ဒီစကားကို ဒါပထမဆုံးပြောမိတာပါ။အဲဒီလိုပြောမိလိုက်တာနဲ့ လူခန္ဓာဟာလည်း တကယ် ကိုပင်ပန်းနွမ်းနယ်တဲ့အသွင် ဖြစ်ပေါ်လာသတဲ့လေ။ မချောဟာ အဲဒီခဏလေးမှာတင် အသက်မွေးဝမ်းကျောင်းအလုပ်ရဲ့ ခက်ခဲပင်ပန်းဆင်းရဲမှုကို သတိပြုနေမိပြီတဲ့။

မချောကိုနောက်ပြောင်ကျီစယ်မှုနှင်တံလေးနှင့် တို့လိုက်တဲ့နတ်သားဟာ ခဏနေတော့မချောနားကဆွာပြီး မချောရဲ့ မောင်လေး မောင်ပေါနားကို ရောက်သွားသတဲ့။ မောင်ပေါနားလည်းရောက်ရော နတ်သားလေးဟာ သူ့ရဲ့ နောက်ပြောင်တတ်တဲ့ နှင်တံလေးနှင့် မောင် ပေါရဲ့ ခေါင်းကို တိတ်တဆိတ်တို့ပြီး ပင်ပန်ဆင်းရဲစွာ ညည်းညူတတ်တဲ့ စကားဆိုစေမိန့်လိုက်ပြန်သတဲ့ကွယ်။ ဒါနဲ့ မောင်ပေါလည်း ဘယ်လိုဖြစ်မှန်းမသိတော့။သေချာတာကတော့ စိတ်ထဲမှာ ပင်ပန်းဆင်းရဲမှုကို ပြင်းပြင်းထန်ထန်ခံစားလိုက်ရသည်ထင်ပါရဲ့။ ပါးစပ်က ညည်းညူတော့တယ်။

အင်း . . . တစ်နေ့တစ်နေ့ ထင်းကောက်လိုက်၊ တောင်ယာလုပ်လိုက်နဲ့ပဲ အချိန်ကုန်နေတာ ပင်ပန်းဆင်းရဲ လိုက်တာဟု ညည်းလေသည်။

ဒီလိုနဲ့ပဲကျီစယ်နောက်ပြောင်တတ်တဲ့နတ်သားလေးဟာသားသမီးတွေပြီးတော့ မိဘဖြစ်တဲ့ကိုအေးနဲ့မအေးဘက်ကိုလှည့်ပြန်ပါရောလား။ ဒါနဲ့ အဲဒီနတ်သားဟာ ကိုအေးနဲ့မအေးတို့နားရောက်လာပြီး သူ့နှင်တံလေးနဲ့ တို့လိုက်တာနဲ့ ကိုအေးဟာ စိတ်ထဲမှာ ပျင်းရိပင်ပန်းသွားပြီး နုံးချည့်သွားတာပေါ့။ ဒါနဲ့ ကိုအေးလည်းပါးစပ်က ညည်းမိတော့တာပေါ့။“အမလေး တစ်နေ့ တစ်နေ့ ဒီလိုနဲ့အချိန်ကုန်နေရတာ လူဘဝကြီးဟာ ပင်ပန်းဆင်းရဲစရာကောင်းလိုက်တာနော်” လို့ ညည်းညူမိ ပါရော။

တစ်ချိန်တည်းမှာပင် မအေးဟာလည်း အလုပ်လုပ်ရတာ ပင်ပန်းလာတာမို့ နဖူးကကျတဲ့ချွေးတွေကို ခေါင်းပေါင်းတဘက်နှင့် ဆွဲယူသုတ်ရင်း ထိုင်ချကာ ညည်းညူ လိုက်တာပေါ့ကွယ်။

“အမလေး တစ်သက်နှင့်တစ်ကိုယ် ဒီလောက်ပင်ပန်းတာ မကြုံဘူးပါလား”

လို့ ညည်းညူတာပေါ့ကွယ်။

ဘဝမှာ တစ်သက်လုံးအေးအေးချမ်းချမ်း နေလာတဲ့မိသားစုဟာ။လိုအင်လောဘဒေါသတွေတစ်ခုမှမရှိခဲ့ဘူးကွယ်။ လောဘမရှိ၊ ဒေါသမရှိသလို ဘာမာန်မာန ဘာသောကမှလည်း မရှိခဲ့ဘူး။ စိတ်ကို ချမ်းသာလို့ပေါ့ကွယ်။

ဒါပေမဲ့ ဒီလိုချမ်းသာလာတဲ့ အေးချမ်းတဲ့စိတ်လေးဟာ နတ်သားရဲ့ နှင်တံနဲ့တွေ့ ပြီး နောက်မှာတော့ တညည်းညည်း၊ တညူညူ ဖြစ်လာပါရော။ အဲဒီလိုနဲ့သူတို့သားအမိသားအဖ(၄)ဦးဟာ ဆင်းရဲပင်ပန်းတာ ကို ခဏခဏညည်းညူလာတာကို ကြားတဲ့နောက် နတ်သားတစ်ပါးဟာ ဒီလင်မယားကို ကူညီဖို့အတွက် သူဆင်းရဲအဘိုးအိုအသွင်နဲ့ကိုအေးတို့လင်မယားရှိတဲ့တောထဲကို ရောက်လာသတဲ့။

ညနေရောက်တော့ ကိုအေးတို့လင်မယားလည်း



ထင်းစည်းတွေ ထမ်းပိုးပြီး ပြန်လာတဲ့ လမ်းမှာ အဘိုးအိုတစ်ဦးလဲနေတာ တွေ့ရလို့ သူတို့မိသားစုက ဝိုင်းကူမပေးကြတယ်။ ပြီးတော့ သတိမေ့နေတဲ့ အဘိုးအိုကိုသူတို့ ဝိုင်းပြီးပြုစုပေးတဲ့အခါ အဘိုးအိုဟာ သတိပြန်ရလာပြီး ကိုအေးတို့ကို ကျေးဇူးတင်တာပေါ့ကွယ်။

"ကလေးတို့ကို ကျေးဇူးတင်ပါတယ်ကွယ်။ ဒါနဲ့ မင်းတို့မိသားစု ကြည့်ရတာ ပင်ပန်းဆင်းရဲနေကြတယ် ထင်ပါရဲ့"

ဟုတ်ပါတယ်ဘိုးဘိုး၊ ကျွန်တော်ကျွန်မတို့ မိသားစုဟာ ဘဝမှာ ဘာမျှမပြည့်စုံတဲ့အတွက် ပင်ပန်းဆင်းရဲလွန်းပါတယ်ခင်ဗျ။

"ဒါဆို မင်းတို့မိသားစု တောင့်တလိုက်တိုင်း ပြည့်စုံတာ မလိုချင်ဘူးလား"

လို့အဘိုးအိုက မေးတဲ့အခါကိုအေးတို့ လင်မယားက "လိုချင်ပါတယ် အဘိုး"လို့ ဖြေသတဲ့။

ဒါနဲ့ပဲ အဘိုးအိုဟာ သူ့ဘေးလွယ်အိတ်ထဲကနေ ကျောက်ပျဉ်ဝိုင်းလေး တစ်ခု ထုတ်ပေးလိုက်သတဲ့။ ပြီးမှအဘိုးအိုက ကိုအေးကို ပြောတယ်။

မင်းတို့ မိသားစုအလိုရှိတဲ့အခါတိုင်း အဲဒီကျောက်ပြင်မျက်နှာကို လက်နဲ့အသာသပ်ပြီး လိုရာဆုတစ်ခု တောင်းလိုက် ချက်ချင်းပြည့်စုံစေလိမ့်မယ်လို့ ပြောပြီးအဘိုးအိုဟာ တောင်ဝှေးလေးကို အသာစမ်းစမ်းပြီး အဝေးကို ထွက်သွားသတဲ့ကွယ်။

ကိုအေးတို့ လင်မယားလည်း အိမ်ကိုပြန်ရောက်ရော သူ့မိန်းမ မအေးက ကျောက်ပြင်လေးကို ထုတ်၊ မျက်နှာပြင်ကို ပွတ်ပြီး "အိမ်ကောင်းကောင်းလေးနဲ့ နေရပါလို၏" လို့ ဆုတောင်း လိုက်သတဲ့ကွယ်။ ဒီအခါမှာပဲ ပြိုးပြိုးပြက်ပြက်အရောင်တွေ လက်ပြီး ကိုအေးမအေးတို့ မိသားစုဟာ လှပတင့်တယ်တဲ့ အိမ်တစ်လုံးပေါ်ကို ရောက်သွားပါရောတဲ့။ ဒါနဲ့ သူတို့မိသားစုဟာ သိပ်ကိုဝမ်းသာပီတိ ဖြစ်သွားတာပေါ့။

ဒါပေမဲ့ အိမ်ကြီးတစ်လုံးရလာတဲ့အခါ အဲဒီအိမ်ကြီးနှင့် လိုက်ဖက်တဲ့ အသုံးအဆောင်တွေ လိုအပ်နေသေးတာမို့ တစ်ခုပြီးတစ်ခု တောင်းဆိုရတာပေါ့။ အဝတ် အစား၊ အိမ်ထောင်ပရိဘောဂ၊ မီးဖိုချောင်သုံးအစရှိတဲ့အသုံးအဆောင်တွေကိုတစ်ခုပြီးတစ်ခု တောင်းဆိုလိုက် ရလာလိုက်နဲ့ ပစ္စည်းတွေလည်း တစ်နေ့ထက်တစ်နေ့ များပြားလိုက်တာပေါ့ကွယ်။ ဒီလောက်ပစ္စည်း၊ ပစ္စယတွေများပေမယ့် လည်း လိုအင်ဆန္ဒတွေဟာ ရပ် မသွားဘဲ ထပ်ခါထပ်ခါ ဖြစ်ပေါ်နေတာမို့ ထပ်ခါထပ်ခါတောင်းနေရတာပေါ့ကွယ်။

ထပ်ခါထပ်ခါတောင်းနေပေမယ့်လည်း ကိုအေးနှင့်မအေးတို့ မိသားစုဟာ လိုအင်ဆန္ဒတွေ ပြည့်မသွား၊ ရပ်မသွားဘဲ နေ့စဉ်နေ့တိုင်း ထပ်ခါထပ်ခါ ဖြစ်နေတာမို့ အံ့သြလို့ မဆုံးဘူးပေါ့ကွယ်။ ဘဝမှာ ဘယ်တုန်းကမှ တောင့်တမှုမရှိဘဲ ရောင့်ရဲစိတ်နှင့် အေးငြိမ်းစွာနေခဲ့တဲ့မိသားစုဟာ အလိုပြည့်ကျောက်ပြင်လေးရလာသည့် နောက်မှာတော့ လိုအင်ဆန္ဒတွေက မဆုံးဘူးဖြစ်နေတာကိုး။

တောင့်တတဲ့ ပစ္စည်းတစ်ခု ရလာတဲ့အခါမှာ လည်းကိုယ်တိုင် အသုံးမပြုရသေးမီ ပျောက်ပျက်သွားမှာ၊ သူခိုးသူဝှက်လုသွားမှာတွေကိုပါ စိုးရိမ်ပူပန်ရတာပေါ့။ ဟိုးအစတုန်းကတော့ ဘာမျှ မရှိတဲ့ဘဝ

မှာ ဘာမှပူစရာမရှိ၊ ပျောက်စရာမရှိဘဲ နေလာခဲ့ရာကနေ ပြည့်စုံချမ်း သာလာတဲ့အခါ လူဟာ တွေးပူတတ်လာတယ်။ ကြောင့်ကြစိတ်တွေ ဖြစ်လာတတ်တာပေါ့။

အိမ်နီးနားချင်းတွေက ပစ္စည်းပစ္စယလာငှားပြီး ရင်လည်း ပြန်မရမှာ ပူရတယ်။ မငှားချင်တဲ့အတွက် ငြိုငြင်တဲ့ စိတ်တွေဖြစ်ရတယ်။ပစ္စည်းယူထားပြီး ပြန်မပေးတဲ့အတွက် ဒေါသဖြစ်ရပြန်တယ်။ ပစ္စည်းပျောက်သွားတဲ့ အခါကျတော့လည်း ဝမ်းနည်းရပြန်ပါရော။

ညဖက်ကျတော့လည်း စိတ်ချလက်ချ အိပ်မပျော်ပြန်ဘူး။ သူခိုးသူဝှက်တွေ ဝင်လာလေမလား၊ ဓားပြတွေများ ဝင်လာလေမလားနဲ့ မဖြစ်သေးတာကို ကြိုတွေးပြီး ပူပန်နေရပြန်ပါရောကွယ်။ ဘာလို့လဲဆိုတော့ ဥစ္စာအတွက် အသက်တောင် ပေးရတာလည်း ရှိတယ်လေ။

ဒီလိုနဲ့ ကိုအေးတို့မိသားစုဟာ ဥစ္စာပစ္စည်းနဲ့ ပတ်သတ်မှုစိုးရိမ်မှုတွေ၊ ထိတ်လန့်မှုတွေ၊ ကြောက်လန့်မှုတွေနဲ့ နေ့စဉ်ရင်ဆိုင်နေရတာပေါ့ကွယ်။ ဒီလိုနဲ့ကြာတော့ သူတို့မိသားစုဟာ အရင်ကလို ကြည်ကြည်လင်လင် အေးအေးချမ်းချမ်းနဲ့ ဘဝမျိုးမဟုတ်တဲ့ ပူပူလောင်လောင် ထိတ်ထိတ်လန့်လန့်နဲ့ ဘဝမျိုးကို နေ့စဉ်ကြုံလာရတဲ့အခါမှာတော့ အားလုံးပင်ပန်းဆင်းရဲခဲ့ကြတာ ပေါ့ကွယ်။

ဒါနဲ့ပဲ ကိုအေးနဲ့မအေးဟာ ဟိုးအရင်ကလို အေးချမ်းတဲ့ဘဝမျိုး ပြန်ရဖို့အတွက် တိုင်ပင်ကြတယ်။အရင်ကလို အေးချမ်းတဲ့ ဘဝမျိုးရဖို့ဆိုရင်တော့ ပိုင်ဆိုင်ထားတာတွေ ပျက်စီးသွားရင်လည်း ခံနိုင်ရည်ရှိရမယ်။ စွန့်ပစ်ရမယ်။ ပေးလှူနိုင်ရမယ်။ နောက်ထပ်နောက်ထပ်ဖြစ်လာတဲ့ လိုအင်ဆန္ဒတွေကိုလည်း နည်းအောင် လုပ်နိုင်ရင်တော့ အေးချမ်းလိမ့်မယ်လို့ ကိုအေးက မအေး ကို ပြောပြသတဲ့။ ဒီအခါ မအေးက ဘာပြန်ပြောသလဲဆိုတော့။

“လက်စသတ်တော့ ကျွန်မတို့ဟာ ဒီလိုရှိတိုင်း တောင့်တတိုင်းပြည့်စုံတဲ့ဆုကို ပေးနေတဲ့ ဒီလောဘကျောက်ပြင် အားကိုးနဲ့ ကျွန်မတို့ မိုက်မဲနေကြတာကိုး။ဒီတော့ ကျွန်မတို့မိသားစုလေး ယခင်ကလို အေးအေးချမ်းချမ်းနဲ့ နေချင်ရင်တော့ ဒီလောဘကျောက်ပြင်ကိုအပြီးတိုင် စွန့်ပစ်မှပဲ အေးတော့မယ်ရှင့်” လို့ ပြောသတဲ့။

ဒီအခါမှာကိုအေးက မအေးကို ခေါင်းညိတ်ပြီး... ကိုင်း တို့မိသားစုတွေရဲ့ အေးချမ်းနေတဲ့ဘဝကို ပူလောင်စေတဲ့ ဒီဆန္ဒဆိုးတွေဖြစ်ပေါ်စေတဲ့ ဒီလောဘကျောက်ပြင်ကို မြစ်ထဲပစ်ချပြီး အဆုံးစီရင်တာပဲ ကောင်းတယ်ဟု ပြောလိုက်ရာမှာတော့ အားလုံးက ထောက်ခံတဲ့ အတွက်နောက်ဆုံး၌ ကိုအေးနဲ့ မအေးတို့ မိသားစုဟာ ရေစီးသန်တဲ့ မြစ်ကမ်းနားသွားပြီးနောက် ကျောက်ပျဉ်လေးကို ကိုင်ပြီး ရေထဲကို လွှင့်ပစ်လိုက်သတဲ့ကွယ်။ ကျောက်ပျဉ်လေးကို လွှင့်ပစ်ချိန်မှာတော့ ကိုအေးနဲ့မအေးတို့ပါးစပ်ကတစ်ခွန်းပြောပြီးလွှင့်ပစ်လိုက်သတဲ့ကွယ်။ အဲဒီစကားလေးကတော့...

“ပူလောင်တဲ့ ဆန္ဒဆိုးတွေကို စွန့်ပစ်လိုက်ပြီ” ဆိုတာပါပဲကွယ်။

လင်းသက်ခိုင်

အနှစ်ရှည်လေးတစ်ခု

ဘမြုတ်မြုတ်လင်း(YUFL)



ဟိုးရှေးရှေးတုန်းက အိန္ဒိယနိုင်ငံ တစ်ခုမှာ "ရာဇာ"ဟု ဘွဲ့အမည်တွင်သော ဘုရင်ကြီးတစ်ပါး အုပ်စိုးလေသည်။ ထိုဘုရင်ကြီးသည် သူ့ကိုယ်သူ ပညာရှိ၍ တရားမျှတသူဟု ထင်နေလေသည်။ သူတိုင်းပြည်တွင် နေထိုင်ကြသော တိုင်းသူပြည်သားများ (လယ်သမားများ)သည် ချမ်းသာကြွယ်ဝကြသည်။

"လယ်သမားတိုင်းငှင်းတို့လယ်မှထွက်သော ဆန်အကုန်လုံးနီးပါးကို ကျွန်ုပ်ထံ ဆက်သရမည်"

ဟု ဘုရင်ကြီးက တစ်ချက်လွှတ်အမိန့်ထုတ်ပြန်ထားသည်။

"ငါကိုယ်တော်မြတ်က ပြည်သူတွေရဲ့ဆန်တွေကို သေချာသိမ်းပေးထားမယ်။ ပြည်သူတွေ အခက်အခဲကြုံတဲ့အခါ၊ ငတ်မွတ်ခေါင်းပါးမှုတွေ ရှိလာတဲ့အခါ ပြန်ဝေပေးမယ်။ ဘယ်သူမှ မငတ်စေရဘူး"

ဟု ဘုရင်ကြီးက ပြည်သူများကို ကတိပေးခဲ့သည်။

ဤနည်းဖြင့် နှစ်စဉ်နှစ်တိုင်း ဘုရင်ကြီး၏ရဲမက်များက လယ်သမားတို့ထံမှ ဆန်များကို လိုက်လံကောက်ယူ၍ ဘုရင်ကြီးပိုင်သည့် တော်ဝင်ဆန်သိုလှောင်ရုံများထဲသို့ ထည့်ခဲ့ကြသည်။ နှစ်ပေါင်းများစွာကြာသည်အထိ တိုင်းပြည်၏ စပါးအထွက်နှုန်းကလည်းကောင်းမွန်နေခဲ့လေသည်။

သို့သော် တစ်နှစ်တွင် မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးမဖြစ်ထွန်းဘဲ စီးပွားရေးကျဆင်းမှုများ၊ ငတ်မွတ်ခေါင်းပါးမှုများ ဖြစ်လာခဲ့လေသည်။ ထို့ကြောင့် ပြည်သူများတွင် ဘုရင်ကြီးကို ဆက်သရန်မဆိုထားနှင့် သူတို့ထမင်းချက်စားဖို့ လုံလောက်သောဆန်ပင် မရှိတော့ချေ။ ထိုအခါ မှူးမတ်များက . . .

"အရှင်မင်းကြီးယခုအခါ စိုက်ပျိုးရေးမကောင်းသောကြောင့် ပြည်သူများ ဆင်းရဲငတ်မွတ်နေကြပါသည်။ ထို့ကြောင့် အရှင်မင်းကြီး ကတိပေးခဲ့သည့် အတိုင်း အရှင့်၏တော်ဝင်ဆန်သိုလှောင်ရုံများထဲမှ ဆန်များကို ပြည်သူများအား ပြန်လည်ခွဲဝေပေးသင့်ပါပြီဘုရား"

ဟု မင်းကြီးအား လျှောက်တင်ကြသည်။

"မပေးနိုင်ဘူး။ ဒီအငတ်ဘေးဆိုက်ရောက်မှုက ဘယ်လောက်ကြာဦးမယ်ဆိုတာ မပြောနိုင်သေးဘူး။ ဒါကြောင့် ငါကိုယ်တော်မြတ်အတွက် ဆန်လုံလောက်အောင် သိမ်းထားရမယ်။ ကတိပေးခဲ့ခဲ့၊ မပေးခဲ့ခဲ့ဘုရင်တစ်ပါးလုပ်နေပြီး အငတ်တော့ မခံနိုင်ပါဘူး"

ဟု ဘုရင်ကြီးက ပြန်လည်အော်ငေါက်လိုက်ရာ နောက်ထပ် ဘယ်သူမှ မလျှောက်တင်ရဲတော့ပေ။

အချိန်တွေ ကြာလာသည်နှင့်အမျှ ပြည်သူတို့၏ ဆင်းရဲငတ်မွတ်မှုကပိုမိုဆိုးရွားလာခဲ့သည်။ သို့သော်လည်း ဘုရင်ကြီးက ဆန်များကို လုံးဝထုတ်မပေးပေ။

တစ်နေ့သဘ္ဒါ ဘုရင်ကြီးက နန်းတော်ထဲတွင် စားသောက်ပွဲ ကျင်းပရန်အတွက် အစေခံတစ်ယောက်ကိုလွှတ်၍ ဆန်သိုလှောင်ရုံထဲမှ ဆန်အချို့ကို ထုတ်ခိုင်းလိုက်သည်။ အစေခံသည် ဆန်သိုလှောင်ရုံထဲမှ တောင်းနှစ်တောင်းအပြည့် ဆန်ကို ထုတ်ယူ၍ နန်းတော်သို့ဆင်ဖြင့် သယ်ယူလာခဲ့သည်။ ဆင်ကြီးလမ်းလျှောက်သောအခါ တောင်းထဲမှ ဆန်များ နည်းနည်းချင်း ထွက်ကျခဲ့သည်ကို ရာနီဟုခေါ်သော မိန်းကလေးတစ်ယောက်က တွေ့သွားလေသည်။ ရာနီသည် အလွန်လိမ္မာပါးနပ်၍ ပညာရှိသူလေး ဖြစ်သည်။ ဆန်စေ့များကိုမြင်သောအခါ သူ့ခေါင်းထဲတွင်အကြံတစ်ခုပေါ်လာပြီးထိုအကြံကို အကောင်

အထည်ဖော်ရန် ဆင်နောက်သို့ လျှင်မြန်စွာ လိုက်၍ ကျကျန်ခဲ့သည့် ဆန်စေ့များကို ကောက်ယူလေသည်။

နန်းတော်တံခါးဝသို့ ရောက်သောအခါ တံခါးစောင့်က . . .

"ဟဲ့. . . သူခိုးမ . . . နင် ဒီဆန်တွေကို ယူပြီး ဘယ်သွားမလို့လဲ"

ဟု မေးရာ ရာနီက. . .

"ကျွန်မက သူခိုးမဟုတ်ပါဘူးရှင်။ ဒီဆန်တွေက ဘုရင်ကြီးပိုင်တဲ့ဆန်တွေပါ။ လမ်းမှာ ကျကျန်ခဲ့လို့ ကျွန်မက ကောက်ယူလာပြီး မင်းကြီးကို ပြန်ဆက်သမလို့ပါ"

ဟု ဖြေလိုက်သည်။ ထိုအကြောင်းကို ကြားသောအခါ ဘုရင်ကြီးက ရာနီကို ရှေ့တော်မှောက်သို့ အခစားဝင်စေသည်။

"ငါကိုယ်တော်မြတ်ပိုင်ဆိုင်တဲ့ပစ္စည်းကို အလေအလွင့်မရှိစေချင်တဲ့ သင့်စေတနာကို ဂုဏ်ပြုတဲ့-အနေနဲ့ ဆုချီးမြှင့်မယ်။ အလိုရှိရာ တောင်းဆိုစေ"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးမက အစက တည်းက ဘာဆုလာဘ်မှ မမျှော်လင့်ခဲ့ပါဘူး။ ဒါ့ကြောင့် ဆန်စေ့တစ်စေ့ပဲ ဆုအဖြစ် ချီးမြှင့်တော်မူပါ"

"ဆန်စေ့လေးတစ်စေ့ ဟုတ်လား"

ဟု ဘုရင်ကြီးက အံ့ဩတကြီး မေးလိုက်သည်။

"ဘုရင်ကြီး ချီးမြှင့်တဲ့ဆုက ဆန်စေ့လေးတစ်စေ့ ဆိုရင် ငါကိုယ်တော်မြတ်ကိုလူတွေလှောင်ပြောင်ကြမှာပေါ့။ ဒီထက်များတဲ့ဆုကို တောင်းပါ"

"မှန်လှပါ... အရှင်မင်းကြီးမင်းကြီးဆန္ဒရှိတော်မူလျှင် ဤနည်းလမ်းဖြင့် ကျွန်တော်မျိုးမကို ချီးမြှင့်တော်မူပါ။ ယနေ့ ဆန်စေ့တစ်စေ့ စတင်ချီးမြှင့်ပြီး နောက်တစ်နေ့ရောက်တိုင်း ယခင်နေ့က ချီးမြှင့်ခဲ့သည့် အရေအတွက်၏ နှစ်ဆတိုး၍ ချီးမြှင့်ပါ။ ပထမနေ့ ဆန်တစ်စေ့၊ ဒုတိယနေ့ ဆန်နှစ်စေ့၊ တတိယနေ့ ဆန်လေးစေ့စသည်အားဖြင့် ရက်သုံးဆယ်ပြည့်အောင် ချီးမြှင့်တော်မူပါဘုရား"

"ကောင်းပြီ၊ သင်တောင်းတဲ့ဆုက ရိုးရိုးလေးပါပဲ။ ငါ ချီးမြှင့်တော်မူမယ်"

ဟု မင်းကြီးက မိန့်တော်မူလိုက်သည်။

ထိုနေ့က ရာနီသည် ဆန်စေ့လေးတစ်စေ့ကို ဆုလာဘ်အဖြစ် ယူသွားခဲ့သည်။ ဒုတိယနေ့တွင် ဆန်နှစ်စေ့၊ တတိယနေ့တွင် ဆန်လေးစေ့ စသည်ဖြင့် ကိုးရက်မြောက်နေ့တွင် ဆန် (၂၅၆)စေ့ ရခဲ့သည်။ ဆယ့်နှစ်ရက်မြောက်နေ့မှာ ဆန်စေ့ (၂၀၄၈)စေ့ ရခဲ့သည်။

"ဒီမိန်းကလေးက ရိုးတော့ရိုးသားပါတယ်။ ဒါပေမဲ့ဉာဏ်မရှိတော့ တန်ဖိုးကြီးတဲ့ဆုလာဘ်မရရှာဘူး" ဟု ဘုရင်ကြီးက တွေးနေမိသည်။

ဆယ့်ခြောက်ရက်မြောက်နေ့တွင် ရာနီသည် ဆန်စေ့ (၃၂၇၆၈)စေ့ ပါဝင်သည့် ဆန်အိတ်တစ်အိတ်ကိုရရှိခဲ့သည်။ ယခင်နေ့များက ဆန်စေ့များနှင့်ပေါင်းလျှင်သူမတွင် ဆန်အိတ် နှစ်အိတ်အပြည့် ရှိနေပြီဖြစ်သည်။

"ဒီလို တစ်နေ့ကို နှစ်ဆတိုးပေးရတာက ငါမှန်းထားတာထက်တောင် ပိုများနေပါလား။ ဒါပေမဲ့ ငှါကို ထိခိုက်စေလောက်အောင်တော့ မများလောက်ပါဘူး"

ဟု မင်းကြီး တွေးမိပြန်သည်။

ရက်နှစ်ဆယ်ပြည့်သောနေ့တွင် ရာနီသည် ဆန်

ဆယ့်ခြောက်အိတ်ကျော်ကျော် ရခဲ့လေသည်။

နှစ်ဆယ့်လေးရက်မြောက်နေ့တွင် ဆန်တောင်းရှစ်တောင်းအပြည့်နှင့် ညီမျှသော ဆန်စေ့ ၈,၃၈၈, ၆၀၈ စေ့ကို ရခဲ့ပြန်သည်။ ထိုဆန်များကို ဘုရင်ကြီး၏။ တော်ဝင်သမင်ရှစ်ကောင်ပေါ်တွင်တင်၍ ရာနှီ အိမ်သို့ လိုက်ပို့ခဲ့သည်။

နှစ်ဆယ့်ခုနစ်ရက်မြောက်နေ့တွင် ဆန်တောင်း ခြောက်ဆယ့်လေးတောင်းကို ဘုရင်ကြီး၏ နွားသိုး ကြီး သုံးဆယ့်နှစ်ကောင်ဖြင့် သယ်၍ လိုက်ပို့ပေး ခဲ့ရသည်။

ဘုရင်ကြီး အခုမှ အခက်တွေ့နေလေပြီ။

"ဆန်စေ့လေး တစ်စေ့ကနေ စလိုက်တာ အရေ အတွက်က အရမ်းများသွားတာပဲ။ ဒါပေမဲ့ ဘုရင်ဆို တော့ကိုယ်ချီးမြှင့်မယ်လို့ပြောခဲ့တဲ့အတိုင်းပြီးဆုံးတဲ့ အထိ လုပ်ပေးရတော့မှာပဲ"ဟု ဘုရင်ကြီးက စိတ် မသက်မသာနှင့် တွေးမိသည်။

နှစ်ဆယ့်ကိုးရက်မြောက်သောနေ့တွင် ဆန်သိုလှောင်ရုံနှစ်လုံးစာ ရှိသည့် ဆန်များကို ရာနှီထံ ပို့ခဲ့ရသည်။ နောက်ဆုံးနေ့ဖြစ်သည့် ရက်သုံးဆယ်ပြည့်သည့်နေ့တွင် ဆန်သိုလှောင်ရုံ လေးလုံးစာ ရှိသည့် ဆန်များ (ဆန်စေ့ ၅၃၆,၈၇၀,၉၁၂ စေ့) ကို ဘုရင့်ဆင်တော် နှစ်ရာ့ငါးဆယ်ခြောက်ကောင်ဖြင့် သယ်၍ ရာနှီထံ ပို့ခဲ့ရသည်။ ပထမဆုံးနေ့မှ နောက် ဆုံးနေ့အထိ ရရှိခဲ့သော ဆန်စေ့အားလုံးကို ပေါင်း လိုက်သောအခါ ရာနှီသည် ဆန်စေ့ပေါင်း သန်း ထောင်ချီ၍ ရရှိခဲ့လေသည်။

ဘုရင်ကြီးက သက်ပြင်းချ၍ . . .

"ငါကိုယ်တော်မြတ်ဆီမှာ အခု ဘာဆန်မှ မကျန် တော့ဘူး။ သင်က ဒီဆန်တွေကို ဘာလုပ်မှာလဲ"

ဟု မေးလေသည်။

"ကျွန်တော်မျိုးမ ဆန်တွေကို ငတ်မွတ်နေတဲ့ ပြည်သူတွေကို ခွဲဝေပေးမှာပါ။ အရှင်မင်းကြီး လည်း နောင်အခါ လိုတာထက်ပိုပြီး ပြည်သူတွေရဲ့ ဆန်ကို မယူတော့ပါဘူးလို့ ကတိပေးရင် အရှင်မင်း ကြီးကို ဆန်တစ်တောင်း ပြန်ပေးပါ့မယ်"

လို့ ရာနှီက ရဲဝံ့စွာ လျှောက်တင်လိုက်သည်။

"ငါကိုယ်တော်မြတ် ကတိပေးပါတယ်"

ဟု မင်းကြီးက လေးလေးနက်နက် ကတိပေး လိုက်လေသည်။ပြည်သူများ၏ဆင်းရဲငတ်မွတ်မှုကို မင်းကြီးကိုယ်ချင်းစာတတ်ခဲ့လေပြီ။ ထိုအချိန်မှစ၍ မင်းကြီးသည် တရားမျှတ၍ ပညာရှိသော၊ တိုင်းသူ ပြည်သားများကို ငဲ့ညှာသော မင်းကြီးတစ်ပါးဖြစ်လာ ခဲ့ပြီး ပြည်သူများ၏ ချစ်ခင်လေးစားမှုကိုလည်း ရရှိခဲ့ လေတော့သည်။

(One Grain of Rice by Demi)
ကို ဘာသာပြန်သည်။

ခင်ဖြူဖြူလင်း (YUFL)

ကတ်သင်းခေတ္တာရေစီးဝယ် ကဗျာဆရာ ချစ်ဘိုသည် တရုတ်ကြီးက စကားပုံ ပုံပြင်များ



တရုတ်တိုင်းနိုင်ငံကြီး(၇)ခု အပြိုင် အဆိုင် စစ်မျဉ်းပြင်းပြီးတိုက်ခိုက် နေကြတဲ့ ဘီစီ၄၀၃ မှ ဘီစီ-၂၂၁ အတွင်းကာလခေတ်ကပေါ့။

အဲဒီခေတ်ကာလတွေမှာ အဲဒီတိုင်းနိုင်ငံတွေအပြင် တရုတ်နိုင်ငံအနောက်ဘက် နယ်စပ်မြို့က 'ချင်' နိုင်ငံလည်း ပါတာ ပြောပြီးခဲ့ပြီနော်... အဲဒီ ဝေ့နိုင်ငံနဲ့ ကျောက်နိုင်ငံတို့ရဲ့ အကြီးအကျယ် ဆန်မက်ပြုခဲ့ပါ။ တဲ့ တိုက်ပွဲ အဆုံးမှာတော့ 'ကျောက်' နိုင်ငံက 'ဝေ့' နိုင်ငံကို သူ့လက် ခံဘက် နိုင်ငံအဖြစ် သွတ်သွင်း သတ်မှတ်နိုင်ခဲ့တယ်...

'ဝေ့' နိုင်ငံက 'ကျောက်' နိုင်ငံကို ဆန့်ကျင်သူးလိုဆိုတာ ကလေးတို့ နားလည်မှာပါ။


သမ္မာသော်ခဲ့ ဒီဝဲ့ နိုင်ငံတော်ကို ယုံကြည်စိတ်ချရသောကြောင့် အတွက် ကျေးဇူး နိုင်ငံတော်ရဲ့ မြို့တော် ဟန်တန်သို့ ဝဲ့ နိုင်ငံရဲ့ ထီးမြေ နန်းခဲ့ ဝဲ့ နိုင်ငံ ဘုရင့်သားဒုက ဖားစားခဲ့ ဒါ ပြစ်ဒဏ်ကြောင့်ရှိန် ဂကျောက် နိုင်ငံမှ အာမိန့် ထွက်ပြေးတယ်။
ဒီဝဲ့ ဘုရင်မှာ စစ်ရှုံးသူမို့ ပြည်းပယ်ခွင့် မရှိသလို ဆွေးချေးစရာလည်း မရှိ ဆိုတော့ သက်ပြင်းချရုံမှအပ ဘာမှ မတတ်နိုင်၊ ဒါကြောင့် သားငယ် အတွက် စိတ်ချ ယုံကြည်ရတဲ့ အပါးတော်မြဲကို ခေါ်းစားတော့..
ဘုရား
အမတ်ကြီး ဖန်ချုံ ဂမောင်မင်းကိုပဲ ဘဲကိုယ်တော် ယုံကြည် စိတ်ချတော်မူတယ် ဒါဆင်ကြောင့် သားတော်နဲ့ အတူ ဂမောင်မင်း ကျိုက်သွားပါ..


မှန်လှပါ ဘုရင်မင်း မြတ်...
အာမတ် ပန်ချုံ့ ဘုရင်မင်း မြတ် နှုတ်တွက်ဆကားသံ ကြောင့် စိုးရိမ် ထိတ်လန့် သွားတယ်၊ ဘုရင်မင်းမြတ် ပုံကြည်မှုနောက်တွင် သူ့ နဲ့ သူ့မိသားစု အတွက် ကြီး မားသော အန္တရယ် ကျလာ မှာ ကိုတွေးကိုကြောင့်ပြီး တွက်ဆ မိပြီးလို့ပေါ့ .... အံ့ဩကြောင်တာ့ .....
အမိန့်တော် မြတ်ကို နာခံပါမည်ဘုရား၊ သို့သော် ကျွန်တော်မျိုးအား စကား တစ်ခွန်း ခံမေးလျှောက်ခွင့် ပြုတော်မူပါ...
အခွင့်ပြုတယ် ဖခင်မင်း၊ မေးချင်တာ ခံမေးလျှောက်ခေ
မှန်လှပါ


ကျွန်တော်မျိုးတို့ မြို့တော်
နှန်းတွင်းဒေသ၊ဒေသတွင်းသို့ ကျူး
ကျော်ဝင်ပါရကြောင်း တရှိုင်း ဦးက
ရွေ့နား၀တ် လျှောက်လာပါက အရှင်
မင်းကြီး ယုံတော်မူပါမည်လား
ဟဲ့.. အဓိပ္ပါယ်မှ
မရှိတာ ငါကိုယ်တော်
အာဘော်မှာ ယုံပါမည်လော
မြို့တော် နှန်းတွင်း ဒေသ၊သို့
အာဘော်သို့မှ ကျူးဝင်
စကားမှ မရှိတာဟဲ့
ဒီစကား ကိုယ်တိုင်လျှင်
အခြားသူ တရှိုင်းက ထိပါ
လျှောက်ထား လာပါလျှင်
အရှင် မင်းမြတ် ယုံမှတ်
ပါမည်လော.....
ဝိသာ...


မင်းကြီးက ဘတန်ငယ် ခြင်းစားပြီးနောက်.....
အင်း..လူတစ်ဦးက ဒန
ဒီသတင်း စကားကိုပင် သယ်မဲ့
ကြားလာပြီ ဆိုရင်တော့
ငါကိုယ်တော်မြတ် ခြင်းစား
ရချေတော့မည်ပ...
မင်းကြီးဝတွေးဆ ထောက်ချင့်ဝနေခဲ့မှာပင် ဘမတ်ကြီး ဖန်ချုံးက သယ်မဲ့လျှောက်တယ်၊
ဒီလူ ဘာကြောင့်
ဝနေတာလဲဟာ
တတိယ လူကလည်း
ဒီသတင်းစကားကို သယ်မဲ့၍
လျှောက်ထားလာမည် ဆိုရင်ဝကာ
ဘရင်မင်းမြတ် ယုံတော်မူပါ
မည်သလဲ ဘရား...
သုံးဦးစလုံးက ဒီသတင်းကိုပဲ
လျှောက်ကြားလာပြီ ဆိုရင်တော့
ဟုတ်တန်ရာသည်မို့ ငါကိုယ်တော်
မြတ် ယုံမှတ်ရမလို ဖြစ်နေပြီ
ဘမတ်ကြီးရဲ့...
ဒါနဲ့...


ဗန္ဓုလမင်းပါဦးကွယ်
အာဘယ်အာရဲ့အာဇာတ်ကြောင်း
ကိုရွာအတွက် ကျိုက်သို့သော ဆာကား
ရဟန်းကိုထား ဗန္ဓုလတော်လဲ ဆိုတာကို
ယင်းလင်းစွာ ငါကိုယ်တော်မြတ်အား
ရဟန်းကိုထားပါ အာမတ်ကြီး...
ဖန်ချုံ...
ပြစ်လွှတ်နိုင်ခဲ့မျှားသော
ဂူသဘော သဘာဝကို အရှင်
မင်းမြတ်အား အရိပ္ပန်းကျ ဘုဂ္ဂား
ကျွန်တော်များ ရဟန်းကိုထား
ခြင်း ပြစ်ပါသည်...
မြို့တော် နန်းတွင်း
ရွေးခင်းသို့ အာဘာယ
နည်းနှင့်မှု ကျား မတင်
ကြောင်း သိသာ ထင်
ရှားသော်လည်း


ဒါမျှားစုက ဟုတ်သိရှာ
လျှောက်တားကြသော်
အာဂျင်မင်းမြတ် ယုံမှတ်
ပတ် မှုပါခေါ်ပြီ...
မှန်လှပါ
ဒီဘားလေ
ယုံမှတ်ရခေါ်မည်မို့
ယုံရခေါ်တာပ...
ယခု ကျွန်တော်မျိုး
အာဂျင်မင်းမြတ်ဘားတော်နှင့်
ဟန်တာန်သို့ ဘပါးတော်မြေအပြစ်
လိုက်ပါရမည့်ခရီးမှာ ဝေးဆုံး
ပတ်မှ မြို့တော်နှင်းတွင်းဖြစ်
ခင်း ဘကွာဘဝေးတော် များ
စွာခြားနားပါသည်...





ဒီလိုနဲ့ နောက်ဆုံး အမတ်ကြီးဖန်ချုံမင်းသားဂလေးနဲ့အတူ ခန့်ပြည်ဝတ်မှုထွက်ခွါကာ ဘုရားဖူးခရီးဆက် ဟန်တန်သို့ ဂျိုက်ပါလာခဲ့ပါတော့ကွယ်...



မင်းသားလေးနဲ့ အမတ်ကြီးဖန်ချုံ ဂျာက်နိုင်ငံမြို့တော် ဟန်တန် သို့ လှည်ပါ ရောက်ရှိနေချိန် ဝဲနိုင်ငံ နန်းတွင်းမှာတော့ အမတ်ကြီးဖန်ချုံ မကောင်းကြောင်း အတင်းအျပင်း ဝတ္ထုကို မကုသူဝတ္ထုက ပြောကြ ဆို ကြ ပူတ်ခတ်ကြနဲ့ပေါ့၊ တိုးတိုးတစ် မျိုး ကျယ်ကျယ် တစ်မျိုနဲ့ ဝန်ကက် ဆုံးမှာ ဘုရင့်ရွှန်းဝတ်အထိ ကြား ပေါက်ပါလေရောတဲ့ကွယ်။

အမတ်ကြီး ဖန်ချုံပြော၊ ××× ××××××

ဖန်ချုံက ×××××

မှန်ပါပြီ အမတ် ဖန်ချုံဟာ ××××××

အမတ် ဖန်ချုံသည် ×××××

ဒီ မဟာဂြိုဏ်ဦး ပါဘူးကွယ်။


အရှင် မင်းကြီး ဖန်ချုံ အမတ်××× ×××××××

ဖြစ်။။။



အာစကနဦးတော့ မင်းကြီးက မကိုသူ ထောင်ဖို့ ဂူနှိုးဆွေးတွေကို လုံးဝ လက်မခံပါဘူး၊ ဒါပေမဲ့ အဲဒီသည် အခါခါ အကြိမ်ကြိမ် မကိုသူတွေက ရေယောက်ထားဖန်များလာတော့ ..... မင်းကြီးလည်း နားစွဲသောင်းကျက် သူ့ပညာရှင် စိတ်ချပါတယ်ဆိုတဲ့ အာမတ်ကြီး ဖန်ချုံအားပေါ် သက်မှာင်း ဖြစ်လို့ သံသယတွေကြီးမားလာတဲ့ ကြားထဲက အာမတ် ပိုဆိုးလာခဲ့ရှိန် .... ဟန်တန် ကဒေန ဗားစာခံ နှစ်ဆယ့်ငို့ မင်းသားဝလေးနဲ့ အာမတ်ကြီး ဖန်ချုံ တို့ ကိုယ့်နိုင်ငံကို ပြန်လာတော့ ....





